# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ခူးလဆန်း(၁၄)ရက် ၊ သောကြာနေ့ ၊ (11-4-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၄၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

### ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်နယ်၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၊ ငလျင်သဘာဝဘေးဒဏ်ဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြား၊ ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ဟိုပုံးမြို့ကျက်သရေဆောင် သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီး ပရိဝုဏ်အတွင်းရှိ ဘုရားစေတီများထိခိုက်ပျက်စီးခဲ့မှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဧပြီ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တောင်ကြီးမြို့ မြို့တော်ခန်းမနှင့် ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမတို့၌ သီးခြားစီတွေ့ဆုံ၍ ငလျင် သဘာဝဘေးဒဏ်ဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်နယ်၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ☞**




ရတနာပုံ
၂၀၂၅ ခုနှစ် ဧပြီ ၁၁ ရက်
အယ်ဒီတာ့အာဘော်

# ငလျင်ဒဏ်သင့်ဒေသများ ပူးပေါင်းအားဖြင့် ဖြေရှင်းကျော်လွှား

ယခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မန္တလေးမြေငလျင်ကြီးကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့၌ ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်း၊ တံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူတချို့ အသက်သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ထို့ကြောင့် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာက နယ်မြေအလိုက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြန်လည်ထူထောင်ရေးအတွက် ပြည်တွင်း၊ ပြည်ပ အလှူရှင်များက ပါဝင်လှူဒါန်းလျက်ရှိပေသည်။

မန္တလေးမြေငလျင်ကြီးကြောင့် လမ်း၊ တံတား အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိပေသည်။ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသည့် ဌာနဆိုင်ရာအဆောက်အအုံများ၊ စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများကို ပြည်တွင်း၊ ပြည်ပကူညီကယ်ဆယ်ရေးအဖွဲ့များပူးပေါင်း၍ စုပေါင်းအားဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ အောင်မြင်ကျော်လွှားနိုင်မည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပေသည်။

အလားတူ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများကလည်း ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများ စားသောက်ရေးအဆင်ပြေစေရေးအတွက် စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်များ၊ သောက်သုံးရေများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ ကူညီဆောင်ရွက်ပေးနေသကဲ့သို့ ပြည်ပနိုင်ငံများကလည်း ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် အလှူငွေများပေးအပ်လှူဒါန်းလျက်ရှိပေသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်များ ကင်းဝေးစေရေးနှင့် ရဟန်းရှင်လူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မြတ်စွာဘုရား၏ အန္တရာယ်ကင်းပရိတ်တရားတော်များကို ဆရာတော်၊ သံဃာတော်များက မေတ္တာယာဉ်ဖြင့် မြို့တွင်းလှည့်လည်ရွတ်ဖတ်ပူဇော်ကြသကဲ့သို့ ဝတ်အသင်းများကလည်း သက်ဆိုင်ရာမြို့နယ်အသီးသီးတွင် အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြပေသည်။ မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘာသာဝင်များပီပီ ဘုရား၊ တရားအလုပ်များကို စဉ်ဆက်မပြတ်ပြုလုပ်ကြသူများဖြစ်သည်။ ယခုကဲ့သို့ ငလျင်ဒဏ်ကြောင့် ခံစားနေရသော၊ ကြုံတွေ့နေရသော အခက်အခဲများကိုလည်း ဘုရားရှင်၏တရားတော်များကို မမေ့မလျော့ဘဲ စဉ်ဆက်မပြတ် ရွတ်ဖတ်ပူဇော်ခြင်းဖြင့် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး၏ တန်ခိုးတော်ကြောင့် အခက်အခဲအကျပ်အတည်းမှန်သမျှကို အောင်မြင်စွာဖြေရှင်းကျော်လွှားနိုင်မည်ဖြစ်ပေသည်။

ယခုကဲ့သို့ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်ဒေသများတွင် ပြည်တွင်း၊ ပြည်ပရှာဖွေကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အဆက်မပြတ် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးနေကြသည်။ ထို့အတူ ပြည်တွင်း၊ ပြည်ပ စေတနာရှင်၊ အလှူရှင်များကလည်း ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ၊ အထောက်အပံ့ပစ္စည်းများ၊ အလှူငွေများ အဆက်မပြတ်လှူဒါန်းပေးနေခြင်း၊ ဆရာတော်၊ သံဃာတော်များနှင့် ဝတ်အသင်းများက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းတို့ကြောင့် ဘေးရန်ခပ်သိမ်းတို့ကို အောင်မြင်စွာဖြေရှင်းကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလှူရှင်များက အလှူငွေများ လှူဒါန်း



**မန္တလေး ဧပြီ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်သင့် နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဧပြီ ၉ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ ပေးအပ်လှူဒါန်းကြရာ မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ထိုသို့ လှူဒါန်းရာတွင် လှူဒါန်းငွေကျပ် စုစုပေါင်း ငွေကျပ် ၁၅၂၁ သိန်းကို အလှူရှင်အသီးသီးက ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဧပြီ ၉ ရက် ညနေပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများသည် အောင်မြေသာစံမြို့နယ် လမ်း ၂၀၊ လမ်း ၈၀ နှင့် ၈၁ လမ်းကြား၊ ၂၂ လမ်း၊ ၈၂လမ်းနှင့် ၈၃ လမ်းကြား နေရာများတွင် လမ်းရှင်းလင်းရေဆေးခြင်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အဆိုပါနေရာများအနီးရှိ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး အန္တရာယ်ရှိ အဆောက်အအုံများကို အန္တရာယ်ကင်းရှင်းစွာဖြင့် ဖယ်ရှားရှင်းလင်းနိုင်ရေး ဆောင်ရွက်သွားမည့် အစီအမံများနှင့် ပတ်သက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်အပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဖီးကြမ်းငှက်ပျောအဖီးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဧပြီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း ဖီးကြမ်းငှက်ပျော အဖီးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ဖီးကြမ်းငှက်ပျောအဖီးရေ ၅၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ဖီးကြမ်းငှက်ပျောအဖီး ၇၅၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ပြီးခဲ့တဲ့ မတ်လအတွင်းက မော်လမြိုင်ကျွန်းမြို့နယ် ကနေ ရန်ကုန်ဈေးကွက်ကို ငှက်ပျောဖီးကြမ်း အဖီးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသတွင်းမှာပဲ ငှက်ပျောတွေကဝယ်လိုအားများနေပါတယ်။ လက်ရှိ ငှက်ပျောသီးဈေးကလဲ ကောင်းလာလို့ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတွေ၊ ငှက်ပျောစိုက်တောင်သူတွေ အဆင်ပြေကြပါတယ်”ဟု မော်လမြိုင်ကျွန်းမြို့နယ် ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောဖီးကြမ်း အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသထွက် ငှက်ပျောများအရောင်းအဝယ် ကောင်းနေသည့်အတွက် လုပ်သားများ၊ ကုန်သည်များ၊ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း ဒေါ်အေးမြတ်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**ရွှေဘို ဧပြီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၆၃၉၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောနေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၇ ဒသမ ၃၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ရွှေဘိုခရိုင်မှာ ဆောင်းသီးနှံ စိုက်ပျိုးရာသီက နေကြာ ၆၃၉၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နေကြာခင်းတွေအခု လက်ရှိအချိန်မှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ နေကြာတစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်။ နေကြာကို ဆောင်းမှာပဲ အဓိက စိုက်ပျိုးကြတာပါ"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် နေကြာရိတ်သိမ်းပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၃၄၅ ဧက၊ ခင်ဦးမြို့နယ်တွင် ၁၄၅၇ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၄၄၄၀ နှင့်ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၄၉ ဧက စုစုပေါင်း ၆၃၉၁ ဧကဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် နေကြာစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး နေကြာစိုက်တောင်သူများကို မျိုးစေ့များ ထောက်ပံ့ပေးနိုင်ရေး၊ ယူရီးယား ဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာပေါင်းမြို့နယ် အုန်းပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ ထုတ်ချေး

**သာပေါင်း ဧပြီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ဧပြီ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး အုန်းပင်စုကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀၁ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အုန်းပင်စုကျေးရွာတွင် ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကိုငွေကျပ် ၈၄သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၂၈၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂၆ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

နွဲ့ယဉ်



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ တံခွန်တိုင်ရပ်နေ ဒေါ်အုန်းမြိုင်မိသားစုက ဦးသာအေးအားရည်စူး၍ ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏတို့က လက်ခံရယူစဉ်။

# ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံမြေပဲ ဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီး တစ်ဧကလျှင် ၇၅ ဒသမ ၂၆ တင်းထွက်ရှိ



**ကျွန်းလှ ဧပြီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၄၂၇၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၅ ဒသမ ၂၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၁၄၂၇၉ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်လျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ မြေပဲကို မိုးမှာထက် ဆောင်းမှာ အများစု စိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်းနှင့် တစ်ဧကေ စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးဆီဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# ရှာငံမြို့နယ် ကိုးဆူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ရှာငံ ဧပြီ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောက်ပိဇပ်ကျေးရွာအုပ်စု ကိုးဆူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ရှာငံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများသည် ကိုးဆူကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ/မရှိစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဆဋ္ဌမအကြိမ် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၀၄ သိန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား၊ အသင်းသူ ၁၁၈ ဦးကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချို့သန်းညွန့်

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးမြွေထိုးပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဧပြီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးမြွေထိုးပိဿာ ချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်အေးအေးက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ငါးခြောက်ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက် ငါးမြွေထိုးများကိုဝယ်ယူပြီး စနစ်တကျသန့်စင်ကာ တင်ပို့ရောင်းချကြောင်း၊ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ငါးမြွေထိုးပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက် ထိ တစ်လအတွင်း ငါးမြွေထိုးပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ရေထွက်ကုန်တွေကို လစဉ်တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့လ ပထမပတ်လောက်ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးတွေ တင်ပို့ရောင်းချအား ကောင်းခဲ့ပါတယ်။ မတ်လအတွင်း ငါးမြွေထိုး ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က ငါးတွေကို မှာယူမှု အားကောင်းနေလို့ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ အခုလို ငါးမြွေထိုးတွေ ပိုမိုတင်ပို့ရောင်းချခဲ့ရတာကြောင့် ငါးမွေးမြူသူတွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ၊ ကုန်တင်ယာဉ်အငှား လိုက်သူတွေ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေပါတယ်"ဟု မအူပင်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးမြွေထိုးများ တစ်ပိဿာလျှင်ငွေကျပ် ၁၉၅၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ ငါးများ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ငါးလုပ်ငန်းရှင်များ၊ ရေလုပ်သားများ အဆင်ပြေနေကြောင်း မအူပင်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်အေးအေးက ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# လေ့ကျင့်မှုကောင်းဖြင့် စီးပွားပြည့်စုံအောင်ဆောင်ရွက်နိုင်

မျိုးသူ(ကုန်သွယ်မြှင့်)

လေ့ကျင့်မှုဆိုသည်မှာ လုပ်ငန်းတစ်ခုခုကို ထပ်တလဲလဲပြုလုပ်ပြီး ကျွမ်းကျင်မှုရှိအောင် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ အထူးသဖြင့် အားကစားအလုပ်တွင် ထင်ရှားစွာတွေ့နိုင်သည်။ ရေကူးမြန်ဆန်ရန် လေ့ကျင့်သည်၊ ရေကူးနည်းစနစ်မှန်ကန်စေရန် လေ့ကျင့်သည်၊ သက်လုံကောင်းရန် လေ့ကျင့်သည်၊ လိုအပ်သောကြွက်သားများ သန်မာစေရန်လေ့ကျင့်သည် စသည့်လေ့ကျင့်မှုများဖြင့် လိုချင်သောအောင်မြင်မှုကိုရအောင်ယူကြသည်။ လေ့ကျင့်မှုသည် ပြည့်စုံမှုကို လုပ်ဆောင်သည် (Practice makes perfect.)ဟု ပြောတတ်ကြသည်။ ငယ်စဉ်က ကျွန်တော်တို့ စာလုံးပေါင်းမှားလျှင် အမှန်ကို အကြိမ် ၅၀၊ အကြိမ် ၁၀၀ ပြန်ရေးခိုင်းတတ်သည်။ လေ့ကျင့်ပေးခြင်းဖြစ်သည်ဟု ကြီးခါမှသေချာနားလည်သည်။ သို့သော် လေ့ကျင့်မှုဖြင့် ပြည့်စုံသောအဆင့်ကိုမရောက် ပြည့်စုံသောလေ့ကျင့်မှုဖြင့်သာ ပြည့်စုံမှုအဆင့်ကိုရောက်သည်ဟုလည်း ပြောတတ်ကြသည်။ လေ့ကျင့်မှုကောင်းသည် ကျွမ်းကျင်မှု၊ လျင်မြန်မှုနှင့် ခိုင်မြဲမှုတို့ကို ရရှိလာစေသည်ဟု ဆိုနိုင်သည်။ မည်သို့ပင်ဖြစ်စေ လေ့ကျင့်မှုသည် ကျွမ်းကျင်မှုကိုဖြစ်စေသည်။ စနစ်တကျလေ့ကျင့်မှုသည် လိုချင်သောပန်းတိုင်သို့ရောက်ရှိစေသည့် ကျွမ်းကျင်မှုကို ရရှိစေသည်။

စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ရာတွင် အလေ့အကျင့်ကောင်းများကို လိုအပ်သကဲ့သို့ အကောင်းဆုံးလေ့ကျင့်မှုများသည် ကျွမ်းကျင်မှုနှင့် အလေ့အထကိုဖြစ်စေပြီး တိုးတက်မှုကိုမုချရရှိစေနိုင်သည်။ ထို့ကြောင့် မိမိ၏ စီးပွားရေးလုပ်ငန်းများတွင် အကောင်းဆုံးသောလုပ်ငန်းများကို လေ့ကျင့်မှုကောင်းများဖြင့် ထုံမွမ်းစေရန်လိုအပ်သည်။ ကောင်းသောလုပ်ငန်းစဉ်များ၊ နည်းလမ်းများကို ကောင်းစွာလေ့ကျင့်ထားခြင်းဖြင့် အချိန်ကုန်မှုကိုသက်သာစေနိုင်ပြီး စွမ်းဆောင်ရည်ကိုလည်း တိုးတက်စေသဖြင့် လုပ်ငန်းအောင်မြင်တိုးတက်မှုကိုလည်း လျင်မြန်စေသည်။ ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း ဖောက်သည်ဖြင့် ဆက်ဆံခြင်းနှင့် စကားပြောဆိုခြင်းမှစ၍ အကောင်းဆုံးအခြေအနေရရှိအောင် လေ့ကျင့်ထားပါက ဖောက်သည်အဟောင်း၊ အသစ်များကို ဆွဲဆောင်နိုင်ပြီး လုပ်ငန်းကို ကောင်းစွာတိုးတက်စေနိုင်သည်။ ထို့ကြောင့် မည်သည့်လုပ်ငန်းတွင်မဆို လေ့ကျင့်မှုများ ကောင်းစွာလိုအပ်သည်။ စွန့်စားမှု၊ စီမံခန့်ခွဲမှု (Risk Management) ကိုကြည့်လျှင် အလေ့အကျင့်များ ပြုလုပ်ခြင်းသည် စွန့်စားရမှုနှင့် အမှားများကို ကောင်းစွာလျှော့ချနိုင်သည်။ မှားယွင်းမှုကြောင့် လုပ်ငန်းနှောင့်နှေးကြန့်ကြာခြင်းကို ကောင်းစွာလျှော့ချနိုင်သည်။ စီးပွားရေးလုပ်ငန်းများတွင် အကောင်းဆုံးသော လေ့ကျင့်မှုများသည် အောင်မြင်မှုကိုရရှိစေသည်။ ထို့ကြောင့် လေ့ကျင့်မှုများကို ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်သွားကြရန် လိုအပ်သည်။

**လုပ်ငန်းခွင်အတွင်းမတူကွဲပြားခြင်း**

လုပ်ငန်းခွင်တစ်ခုထဲတွင် မတူကွဲပြားမှုများကို ထိန်းသိမ်းထားနိုင်သည့်အလေ့အထကို မွေးမြူထားနိုင်လျှင် လုပ်ငန်းအတွက် အကျိုးရှိစေသည်။ ယုံကြည်မှုကို တိုးပွားစေနိုင်သည်။ လုပ်ငန်းတစ်ခုထဲတွင် လူမျိုး၊ ဘာသာအယူအဆ၊ လိင်ကွဲပြားမှု၊ အသက်အရွယ်ကွာခြားမှု၊ လူမှုရေးအခြေအနေ၊ အယူအဆနှင့် ယုံကြည်မှု စသည့်အချက်များ မတူညီသည့် လူအမျိုးမျိုးပါဝင်အောင်ထားရှိခြင်းဖြင့် ညှိနှိုင်းမှုများကို ကောင်းစွာဖြေရှင်းနိုင်ခြင်း၊ မတူညီသောရှုထောင့်များဖြင့် ဖောက်သည်များအတွက် ဆောင်ရွက်ပေးနိုင်ခြင်း၊ ဝန်ထမ်းများ၏စိတ်ကျေနပ်မှုကိုလည်းရရှိစေပြီး လုပ်ငန်းများပိုမိုပြီးစီးနိုင်ခြင်း၊ ကုမ္ပဏီ၏ဂုဏ်သတင်းကို မြှင့်တင်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိစေနိုင်သည်။ ထိုသို့မတူကွဲပြားသော အခြေအနေအမျိုးမျိုးကို စုပေါင်းလုပ်ကိုင်စေခြင်းဖြင့် ရလဒ်ကောင်းများကို ပိုမိုရရှိလာစေနိုင်သည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းကိုကောင်းမွန်စေခြင်း**

အမှိုက်များကို စနစ်တကျသိမ်းဆည်းတတ်သည့်အလေ့အထများရှိခြင်း၊ စွန့်ပစ်ပစ္စည်းများမှ ပြန်လည်သုံးစွဲနိုင်အောင် လုပ်ကိုင်တတ်သည့်အလေ့အထကောင်းများ ဆောင်ရွက်တတ်ခြင်း၊ သစ်ပင်ပန်းမန်များကို စိုက်ပျိုးထိန်းသိမ်းတတ်ခြင်းနှင့် ရေဆိုးထိန်းသိမ်းခြင်း စသည့်လုပ်ငန်းများတွင် အလေ့အကျင့်ကောင်းများကို စနစ်တကျလိုက်နာဆောင်ရွက်ခြင်းဖြင့် ပတ်ဝန်းကျင်ကောင်းများကို ထိန်းသိမ်းထားနိုင်သည်။ လုပ်ငန်းခွင်နှင့်ဆက်စပ်သည့်လေထု၊ ရေထုများ ညစ်ညမ်းမှုမရှိအောင် ထိန်းသိမ်းတတ်သည့် အလေ့အကျင့်မျိုးကို မွေးမြူတတ်ရန်လိုအပ်သည်။

**လုပ်သားများကို အသိအမှတ်ပြုခြင်း**

လုပ်ငန်းစွမ်းဆောင်ရည် ကောင်းမွန်သည့် လုပ်သားများနှင့် ဝန်ထမ်းများကို ချီးကျူးခြင်းနှင့် ချီးမြှင့်သည့် အစီအစဉ်မျိုးကို ကောင်းမွန်သောအလေ့အကျင့်တစ်ခုအဖြစ် မွေးမြူထားရန်လိုအပ်သည်။ ဝန်ထမ်းများနှင့် လုပ်သားများ၏ စွမ်းဆောင်ရည်ကောင်းမွန်မှုကို အသိအမှတ်ပြုပေးသည့် အလေ့အထကြောင့် လုပ်သားများကို စိတ်ဓာတ်ခွန်အားမြင့်မားစေသည်။ လုပ်ငန်းအပေါ် ပိုမိုစိတ်ဝင်စားစေပြီး လုပ်ငန်းတိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်စေနိုင်သည်။

**ပြိုင်ဘက်ကိုလေ့လာခြင်း**

မည်သည့်လုပ်ငန်းတွင်မဆို ယှဉ်ပြိုင်ဘက်များရှိပြီး ယှဉ်ပြိုင်ဘက်များ၏ ဆောင်ရွက်ပုံများ၊ဈေးကွက်ချဉ်းကပ်ပုံများနှင့် ဈေးကွက်တွင်မည်သို့ယှဉ်ပြိုင်မည်ဆိုသည့် သတင်းအချက်အလက်များကို စနစ်တကျလေ့လာဆန်းစစ်ခြင်းဖြင့် ဈေးကွက်နှင့်ပြိုင်ဘက်များ၏ အခြေအနေများကို လေ့လာ၍ မိမိလုပ်ငန်းကို ပြင်ဆင်ခြင်း၊ ချဲ့ထွင်ခြင်း စသည်တို့ကို ပြုလုပ်နိုင်သည်။ မိမိလုပ်ငန်းအတွက် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပြိုင်ဘက်များကို လေ့လာသုံးသပ်ဆန်းစစ်နိုင်သည့် အလေ့အကျင့်ကောင်းကို မွေးမြူထားခြင်းဖြင့် လုပ်ငန်းအတွက် အခွင့်အလမ်းများကို ပိုမိုရရှိစေသည်။ ဈေးကွက် အခြေအနေကို ပိုမိုသိရှိစေနိုင်သည်။

❖ မိမိ၏စီးပွားရေးလုပ်ငန်းများတွင် အကောင်းဆုံးသော လုပ်ငန်းများကို လေ့ကျင့်မှုကောင်းများဖြင့် ထုံမွမ်းစေရန်လိုအပ်သည်။ ကောင်းသောလုပ်ငန်းစဉ်များ၊ နည်းလမ်းများကို ကောင်းစွာ လေ့ကျင့်ထားခြင်းဖြင့် အချိန်ကုန်မှုကိုသက်သာစေနိုင်ပြီး စွမ်းဆောင်ရည်ကိုလည်း တိုးတက်စေသဖြင့် လုပ်ငန်းအောင်မြင်တိုးတက်မှုကိုလည်း လျင်မြန်စေသည်။ ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း ဖောက်သည်ဖြင့် ဆက်ဆံခြင်းနှင့် စကားပြောဆိုခြင်းမှစ၍ အကောင်းဆုံးအခြေအနေရရှိအောင် လေ့ကျင့်ထားပါက ဖောက်သည်အဟောင်း၊ အသစ်များကိုဆွဲဆောင်နိုင်ပြီး လုပ်ငန်းကိုကောင်းစွာ တိုးတက်စေနိုင်သည်။ ❖

**လုပ်ငန်းစဉ်များကို အလိုအလျောက်တုံ့ပြန်နိုင်စေခြင်း**

ယနေ့ခေတ်၊ ယနေ့အချိန်တွင် အချိန်ဖြုန်းခြင်းကို လုံးဝအဖြစ်မခံနိုင်ပေ။ ယှဉ်ပြိုင်မှုများပြားပြင်းထန်သည့်ခေတ်ဖြစ်သည်နှင့်အမျှ အချိန်ကို အမြဲအကျိုးရှိအောင် အသုံးချနိုင်ရမည်ဖြစ်သည်။ မိမိလုပ်ငန်းအတွက် အစီအစဉ်များ၊ မဟာဗျူဟာများ အားလုံးသည် အစဉ်အမြဲတက်ကြွလှုပ်ရှားနေရန် လေ့ကျင့်ထားနိုင်ရမည်။ မိမိလုပ်ငန်းအတွင်းရှိ စာရင်းအင်းထိန်းသိမ်းခြင်း၊ ဘဏ္ဍာရေးလုပ်ငန်းများ၊ အချက်အလက်ဖြည့်သွင်းခြင်းများနှင့် ဖောက်သည်များကို ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းစဉ်များကို အလိုအလျောက်မစဉ်းစားဘဲ လုပ်ကိုင်နိုင်သည်ထိ လေ့ကျင့်ထားနိုင်ရမည်ဖြစ်သည်။ ထိုသို့ အလိုအလျောက်တုံ့ပြန်နိုင်သည်ထိ လေ့ကျင့်ထားခြင်းဖြင့် အချိန်များများပေးနေရန်၊ စဉ်းစားပြီးမှလုပ်ဆောင်ရန် မလိုအပ်သဖြင့် အချိန်ကုန်သက်သာပြီး အခြားလုပ်ငန်းစဉ်များကို လုပ်ကိုင်နိုင်ခြင်းဖြင့် ပိုမိုတိုးတက်အောင်မြင်စေသည်။

ကျွမ်းကျင်သော မော်တော်ယာဉ်မောင်းတစ်ယောက်သည် ကားမောင်းခြင်း၊ ဘရိတ်အုပ်ခြင်း၊ ကွေ့ခြင်း၊ မြန်ခြင်း၊ နှေးခြင်းတို့ကို လုပ်ကိုင်ရာတွင် မောင်းနှင်ရင်း လုပ်ကိုင်ရသဖြင့် အလိုအလျောက်တုံ့ပြန်နိုင်သည်ထိ လေ့ကျင့်ထားခြင်းကြောင့် ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။

**ကြိုတင်ခန့်မှန်းသုံးသပ်ခြင်း**

ကြိုတင်ခန့်မှန်းခြင်းသည် လိုအပ်သည်။ ကြိုတင်ခန့်မှန်းခြင်းအပြင် ရရှိလာသောအချက်များဖြင့် သုံးသပ်ခြင်းကိုပါ လုပ်ကိုင်နိုင်ရန်လိုအပ်သည်။ သတင်းအချက်အလက်များကိုအခြေခံ၍ ဆုံးဖြတ်ရသည့်အခါမျိုးတွင်လည်းကောင်း၊ အနာဂတ်အခြေအနေများကို သုံးသပ်ရာတွင်လည်းကောင်း အလေ့အကျင့်ရှိနေမှသာလျှင် မှန်မှန်ကန်ကန်ဆုံးဖြတ်သုံးသပ်နိုင်မည်ဖြစ်သည်။ ကြိုတင်ခန့်မှန်းခြင်းသည် မည်သည့်စီးပွားရေးလုပ်ငန်းတိုင်းအတွက်မဆို အရေးပါသည်နှင့်အမျှ မှန်မှန်ကန်ကန်သုံးသပ်ဆုံးဖြတ်နိုင်ရန်လေ့ကျင့်ထားခြင်းဖြင့်လုပ်ငန်းကိုတိုးတက်စေသည်။

**စဉ်ဆက်မပြတ်သင်ယူခြင်း**

မည်သူမျှအရာရာကို သိမြင်နိုင်စွမ်းမရှိပေ။ ထို့အတူ မည်သူမျှ အရာရာကို တတ်သိနားလည်ခြင်း မရှိပေ။ ထို့ကြောင့် လုပ်ငန်းနှင့်ဆက်စပ်သည့် စဉ်ဆက်မပြတ်သင်ယူခြင်းအလေ့အကျင့်ကို မွေးမြူခြင်းဖြင့် အခွင့်အလမ်းကောင်းများကိုရရှိစေသည်။ နည်းပညာပိုင်းများ အလျင်အမြန်တိုးတက်လာသည်နှင့်အမျှ စဉ်ဆက်မပြတ် သင်ယူနေရန်လည်း လိုအပ်သည်။ စဉ်ဆက်မပြတ်သင်ယူခြင်းကိုလည်း ကောင်းစွာလေ့ကျင့်ထားရန်လိုအပ်သည်။

**အချိန်ကို စီမံခန့်ခွဲခြင်း**

လုပ်ငန်းတိုင်းအတွက် အချိန်သည် တန်ဖိုးမဖြတ်နိုင်သည်နှင့်အမျှ မလိုအပ်သော အချိန်ဖြုန်းတီးခြင်းမျိုးကိုလည်း ဆောင်ရွက်ပေးရန်လိုအပ်သည်။ အချိန်မဖြုန်းခြင်းနှင့် အချိန်ကိုစနစ်တကျ စီမံခန့်ခွဲခြင်းကို လေ့ကျင့်ပေးထားခြင်းဖြင့် လုပ်ငန်းအတွက် ပိုမိုအချိန်ပေးနိုင်လာသည်။

**မဟာဗျူဟာများချမှတ်ခြင်း**

မဟာဗျူဟာများနှင့် မဟာဗျူဟာကို ရေးဆွဲခြင်းတို့သည် စီးပွားရေးလုပ်ငန်းများတွင် အရေးကြီးသောသော့ချက်ဖြစ်သည်။ မဟာဗျူဟာရေးဆွဲခြင်းလုပ်ငန်းစဉ်ကို ရေးဆွဲအကောင်အထည်ဖော်ခြင်းတို့ကို အလေ့အထတစ်ခုဖြစ်လာစေရန် အနာဂတ်တွင် ရည်မှန်းထားသော တိုးတက်မှု၊ အောင်မြင်မှုရရှိသည်ထိ ရေးဆွဲရသည်ဖြစ်၍ လုပ်ငန်းမဟာဗျူဟာ ရေးဆွဲရာတွင် ကျွမ်းကျင်မှုများစွာလိုအပ်သည်။

**ထိရောက်သော ဆက်သွယ်ရေး**

ထိရောက်ထက်မြက်သော ဆက်သွယ်ရေး သည် လုပ်ငန်းတိုးတက်ရေးအတွက် များစွာအထောက်အပံ့ဖြစ်စေသည်။ ထိုသို့ဆက်သွယ်ရေးလုပ်ငန်းနှင့် ဖောက်သည်နှင့်ဆက်ဆံရေးတို့ကို ကောင်းမွန်အောင် ဆောင်ရွက်တတ်သည့်အလေ့အကျင့်ကို ကောင်းစွာလုပ်ဆောင်ထားခြင်းဖြင့် လုပ်ငန်းကိုအဆင်ပြေချောမွေ့စေသည်။ တိုးတက်စေသည်။ ထို့ပြင် ဖောက်သည်များနှင့်ဆက်ဆံရေးသည် အစဉ်ကောင်းမွန်နေရန်လိုအပ်သည်။ ထိုသို့ကောင်းမွန်သော ဆက်ဆံရေးနှင့် ဆက်သွယ်ရေးဖြစ်စေရန်အတွက် ကောင်းစွာလေ့ကျင့်နိုင်ရန်လိုအပ်သည်။

**တီထွင်ဆန်းသစ်ခြင်း**

နည်းပညာများသည် လုပ်ငန်းအောင်မြင်ရေးအတွက် များစွာအရေးကြီးသည်။ ထို့ပြင် မိမိလုပ်ငန်းနှင့်ပတ်သက်သည့် အချက်များကိုလည်း တီထွင်ဆန်းသစ်မှုများ အစဉ်လုပ်ကိုင်နိုင်ရန် လိုအပ်သည်။ ထုပ်ပိုးပုံမှအစ ဆန်းသစ်အောင်တီထွင်လုပ်ကိုင်နိုင်ခြင်းဖြင့် အရောင်းမြင့်တက်လာပြီး အကျိုးအမြတ်လည်း ကောင်းစွာတိုးတက်ရရှိလာမည်ဖြစ်သည်။ ထို့ကြောင့် တီထွင်ဆန်းသစ်သည့်လုပ်ငန်းစဉ်ကို အလေ့အကျင့်တစ်ခုဖြစ်လာစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။

အထက်ဖော်ပြပါအချက် ၁၁ ချက်အပြင် ဆိုင်ဘာလုံခြုံရေး၊ နည်းပညာသုံးစက်ကိရိယာများကို သုံးစွဲတတ်ခြင်း၊ ဦးနှောက်ကိုအစွမ်းကုန် သုံးစွဲနိုင်စေခြင်း၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများနှင့် ဖောက်သည်များ စိတ်ကျေနပ်မှုရှိစေခြင်း စသည့် အချက်များကိုလည်း လေ့ကျင့်နိုင်သမျှ လေ့ကျင့်ပြီး ကျွမ်းကျင်အောင်ဆောင်ရွက်ထားခြင်းဖြင့် လုပ်ငန်းတိုးတက်မှုကို ပိုမိုမြန်ဆန်စေသည်။ ပိုမိုကြီးပွားတိုးတက်စေသည်။ မည်သည့်လုပ်ငန်းတွင်မဆို ကောင်းစွာလေ့ကျင့်ခြင်းဖြင့် ကျွမ်းကျင်မှုကို တိုးတက်စေပြီး တုံ့ပြန်မှုကောင်းများကိုဖြစ်စေနိုင်သည်။ ဆုံးဖြတ်ရာတွင်လည်း စဉ်းစားရမှုနှင့် အချိန်ကုန်ဆုံးမှုတို့ကိုလည်း လျှော့ကျစေပြီး အောင်မြင်မှုကို ပိုမိုရရှိစေသည်။ ထို့ကြောင့် ကောင်းသောလေ့ကျင့်ခြင်းဖြင့် စီးပွားရေးပြည့်စုံအောင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- Podium blog’s 19 Best Business Management Practices for Leaders in 2015

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံနေကြာ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၂၆ ဒသမ ၁၈ တင်း ထွက်ရှိ



**မြောင်းမြ ဧပြီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနေကြာ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး နေကြာတစ်ဧကလျှင် ၂၆ ဒသမ ၁၈ တင်းထိ ထွက်ရှိခဲ့ကြောင်း မြောင်းမြခရိုင် စိုက် ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၂၃၁၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော နေကြာခင်းများကို ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ ဆီထွက်သီးနှံနေကြာ ဧက ၂၃၁၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိဆီထွက်သီးနှံနေကြာစိုက်ခင်းတွေ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံနေကြာတွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် လိုအပ်တဲ့ နည်းပညာများတွေကို စတင် မစိုက်မီ ကြိုတင်စီမံဆောင်ရွက်ပေးခဲ့ပါတယ်။ စိုက်ပျိုးမဲ့နေကြာစိုက်ခင်းတွေကို အောင်မြင်ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းတိုးစေဖို့ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ကိုလဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် နေကြာအပါအဝင် ဆောင်းသီးနှံများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာများ ပို့ချပေးခဲ့ခြင်း၊ သွင်းအားစုများ ပံ့ပိုးပေးခြင်း၊ မြေဆီလွှာပြုပြင်မှုများဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ အသုံးပြုမှုမှန်ကန်စေရေးနည်းပညာပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံနေကြာကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## ကော့သောင်းမြို့နယ် စိုင်ဒင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့သောင်း ဧပြီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘန်းကချွန်ကျေးရွာအုပ်စု စိုင်ဒင်းကျေးရွာ၌ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်မြယမုံဖူးက စိုင်ဒင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ယခင်ကထက် တိုးချဲ့လုပ်ကိုင်ရန်အတွက် လိုအပ်သည့်ငွေကြေးအရင်းအနှီးများရရှိစေရန်နှင့် စီမံကိန်းမှတိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆၈ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ခေတ္တမြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုင်ဒင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

## နွေဦးပုရစ်နှင့် ပြည်သူ့စစ်တေးသံ

\- ရာသီဒဏ် ပူဒဏ်ပြင်း
နွေအခင်း ဂိမှာန်ခါ၊
ရွက်သစ်လွှာ ဖူးပုရစ်
ခင်းစစ်ဗျူဟာ၊
ဂိမှာန်ကို မမှုပါ
တွန်းလှန်ကာ တစ်ရွက်တစ်ထမ်း၊
ပင်တကာ စိမ်းစိုလန်း
ရွက်သစ်လွှာ မာလာပန်း
ရောင်စုံဖြာ ဘဝင်ပန်း
မြိုင်ဟေမာ အံ့မခန်း
တောလုံးအောင်ပန်း။

\- ပြည်ပသူ အကူရ
မြောက်ကြွကြွ အလံထောင်၊
စစ်ဘေးရှောင် အနန္တ
ဒုက္ခ ရာ ထောင်၊
တည်ငြိမ်မှု ပျက်ပြားအောင်
တစ်စင်ထောင်လှုပ်ရှား၊
မြို့ကျေးရွာ ရတက်ပွား
ကွက်တိ ကွက်ကျား။

\- မျိုးဆက်သစ် စစ်မှုထမ်း
ပြင်ဆွာန်းလို့ စည်းရုံးလာ၊
ကိုယ်စီမှာ တာဝန်ရှိ
အသိယှဉ်ကာ၊
ပြည်သူ့စစ် မဟာဗျူဟာ
စည်းရုံးကာ မြန်မနှေး၊
မြို့ကျေးရွာ သာယာရေး
ကြွေးကြော်ကာ ငြာသံပေး
ပြည်သူ့စစ်တေး။ ။

**ကျော်စောဟန်**

# နိုင်ငံတကာ သတင်းများ

## သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဟု လီဂျေးမြောင်ပြောကြား

**ဆိုးလ် ဧပြီ ၁၀**

ဇွန် ၃ ရက်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း တောင်ကိုရီးယား အတိုက်အခံပါတီခေါင်းဆောင် လီဂျေးမြောင်က ယနေ့တွင် ကြေညာခဲ့သည်။

မိမိအနေဖြင့် ဇွန် ၃ ရက်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အနိုင်ရရှိခဲ့ပါက ဆင်းရဲချမ်းသာ မညီမျှမှုပြဿနာကို ဖြေရှင်းပေးမည်ဖြစ်ပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို မြှင့်တင်ရေးအတွက် ကြိုးစားမည်ဖြစ်ကြောင်း လီဂျေးမြောင်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အတိုက်အခံပါတီခေါင်းဆောင် လီဂျေးမြောင်သည် ဇွန် ၃ ရက် သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်သည့်အနေဖြင့် ဧပြီ ၉ ရက်က လစ်ဘရယ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ထားပြီးဖြစ်သည်။

လူထုသဘောထား စစ်တမ်းကောက်ခံချက် ရလဒ်များအရ အသက် ၆၁ နှစ်အရွယ် လီဂျေးမြောင်သည် ဇွန် ၃ ရက် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိရန် အလားအလာကောင်းနေသူလည်း ဖြစ်သည်။

တောင်ကိုရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေ တရားရုံးက သမ္မတဟောင်း ယွန်းဆွတ်ယိုးကို စစ်အုပ်ချုပ်ရေးဥပဒေကြေညာပြဋ္ဌာန်းရန် ကြိုးစားမှုဖြင့် ရာထူးမှ ဖယ်ရှားခဲ့ပြီးနောက် ဇွန် ၃ ရက်တွင် သမ္မတ ရွေးကောက်ပွဲများကျင်းပရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



## အမေရိကန်နှင့် ရုရှားကိုယ်စားလှယ်များ သံတမန်လုပ်ငန်းများဆွေးနွေးရန် တူကီယဲနိုင်ငံသို့ရောက်ရှိ

**အစ္စတန်ဘူလ် ဧပြီ ၁၀**

နှစ်နိုင်ငံကြား သံတမန်လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးရန် အမေရိကန်နှင့် ရုရှားကိုယ်စားလှယ်များ တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့သို့ ယနေ့တွင် ရောက်ရှိလာကြောင်း သိရသည်။

အစ္စတန်ဘူလ် ဆွေးနွေးပွဲ၌ ရုရှားကိုယ်စားလှယ်အဖွဲ့ကို အမေရိကန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး အလက်ဇန်းဒါး ဒါခီအက်ဗ်က ဦးဆောင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဆွေးနွေးပွဲများတွင် ရုရှားနှင့် အမေရိကန်ကိုယ်စားလှယ်များသည် နှစ်နိုင်ငံကြား နှစ်အတန်ကြာ ဆက်ဆံရေးတင်းမာခဲ့ရပြီးနောက် သံတမန်လုပ်ငန်းများပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးကို အဓိကထားဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အစ္စတန်ဘူလ်ဆွေးနွေးပွဲများတွင် ယူကရိန်းစစ်ပွဲပြဿနာကို ထည့်သွင်းဆွေးနွေးမည် မဟုတ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေးမှာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ခဲ့သော ယူကရိန်းစစ်ပွဲကြောင့် စစ်အေးတိုက်ပွဲပြီးဆုံးပြီးနောက်ပိုင်း အဆိုးရွားဆုံးအခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်။

လက်ရှိ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ယူကရိန်းစစ်ပွဲကို အဆုံးသတ်နိုင်ရေးအတွက် ရုရှားအစိုးရနှင့် ထိတွေ့ဆက်ဆံမှုများ ပြန်လည်စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဗြိတိန်ဘုရင် ချားလ်-၃ ပုပ်ရဟန်းမင်းကြီးနှင့် တွေ့ဆုံ



**ရောမ ဧပြီ ၁၀**

အီတလီနိုင်ငံသို့ ရောက်ရှိနေသည် ဗြိတိန်ဘုရင် ချားလ်-၃ နှင့် ကြင်ယာတော်မိဖုရား ကာမီလာတို့သည် ဧပြီ ၉ ရက်တွင် ရောမမြို့ ဗာတီကန်နန်းတော်၌ ရိုမန်ကတ်သလစ် ခရစ်ယာန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ဗြိတိန်ဘုရင်ချားလ်-၃ နှင့်ကြင်ယာတော်မိဖုရားတို့ကို ဗာတီကန်နန်းတော်၌ သီးခြားလက်ခံတွေ့ဆုံခဲ့ကြောင်း ဗာတီကန်နန်းတော်က သတင်းထုတ်ပြန်ထားသည်။

ဗြိတိန်ဘုရင်ချားလ်-၃ သည် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့် တွေ့ဆုံခဲ့ပြီးဖြစ်သည်။

ထို့ပြင် ဗြိတိန်ဘုရင်ချားလ်-၃ နှင့်ကြင်ယာတော်တို့သည် အီတလီခရီးစဉ်အတွင်း အစီအစဉ်မရှိဘဲ ဗာတီကန်နန်းတော်သို့သွားရောက်၍ ပုပ်ရဟန်းမင်းကြီးနှင့်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ဗြိတိန်ဘုရင်ချားလ်-၃ နှင့် ကြင်ယာတော်တို့သည် မူလက ဗာတီကန်နန်းတော်သို့ တရားဝင်နိုင်ငံတော်ခရီးစဉ်အဖြစ် သွားရန် စီစဉ်ထားသော်လည်း ကျန်းမာရေးအရ ပုပ်ရဟန်းမင်းကြီးအနားယူနေမှုကြောင့် ၎င်းအစီအစဉ်ကို ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပြင်သစ်သမ္မတ မက်ခရွန်က ပါလက်စတိုင်းဒေသကို လွတ်လပ်သည့် အချုပ်အခြာပိုင်နိုင်ငံအဖြစ် အသိအမှတ်ပြုနိုင်ကြောင်းပြောကြား

**ပဲရစ် ဧပြီ ၁၀**

ပြင်သစ်နိုင်ငံအနေဖြင့် လာမည့် ဇွန်လအတွင်း ပါလက်စတိုင်းဒေသကို လွတ်လပ်သည့် အချုပ်အခြာပိုင်နိုင်ငံအဖြစ် အသိအမှတ်ပြုနိုင်ကြောင်း ပြင်သစ်သမ္မတ မက်ခရွန်က ဧပြီ ၉ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ပြင်သစ်ရုပ်သံ သတင်းဌာနတစ်ခုနှင့် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်းတွင် သမ္မတ မက်ခရွန်က ပြင်သစ်နိုင်ငံ၏ ပါလက်စတိုင်းဆိုင်ရာ ရပ်တည်ချက်ကို ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံအနေဖြင့် ပါလက်စတိုင်းကို လွတ်လပ်သည့် အချုပ်အခြာပိုင် နိုင်ငံအဖြစ် သတ်မှတ်ရေးအတွက် ကြိုးပမ်းနေကြောင်း၊ သို့ဖြစ်ရာ ယခုနှစ် ဇွန်လတွင် ပြင်သစ်နိုင်ငံအနေဖြင့် ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုကြောင်း သမ္မတ မက်ခရွန်က ပြောကြားခဲ့သည်။

ပါလက်စတိုင်းဒေသကို လွတ်လပ်သည့် အချုပ်အခြာပိုင်နိုင်ငံအဖြစ် ပြင်သစ်နိုင်ငံက တရားဝင်အသိအမှတ်ပြုခြင်းဖြင့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများကလည်း အပြန်အလှန်အနေဖြင့် အစ္စရေးနိုင်ငံကို အသိအမှတ်ပြုလာနိုင်ကြောင်း သမ္မတမက်ခရွန်က ပြောကြားခဲ့သည်။

ပါလက်စတိုင်းကို လွတ်လပ်သည့် အချုပ်အခြာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ ကျော်တို့က အသိအမှတ် ပြုထားသော်လည်း အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီနိုင်ငံအပါအဝင် ကမ္ဘာ့အင်အားကြီးနိုင်ငံအများစုက ပါလက်စတိုင်းကို နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ် မပြုသေးကြောင်း သိရသည်။

အစ္စရေးနိုင်ငံကို အသိအမှတ်ပြုထားခြင်းမရှိသော အရှေ့အလယ်ပိုင်းဒေသနိုင်ငံများမှာ ဆော်ဒီအာရေဗျ၊ အီရန်၊ ဆီးရီးယားနှင့် ယီမင်နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## အိန္ဒိယစက်ရုံများ၌ တပ်ဆင်ထားသော အိုင်ဖုန်း ၁ ဒသမ ၅ သန်းကို အက်ပဲလ်ကုမ္ပဏီက အမေရိကန်နိုင်ငံသို့ ပို့ဆောင်

**နယူးယောက် ဧပြီ ၁၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ကုန်သွယ်ရေးအခွန်စည်းကြပ်မှုကို ရှောင်ရှားရေးအတွက် အက်ပဲလ်နည်းပညာကုမ္ပဏီသည် အိန္ဒိယ၌ထုတ်လုပ်ထားသော အိုင်ဖုန်းတန်ချိန် ၅၀၀ ကို အမေရိကန်နိုင်ငံသို့ စင်းလုံးငှားလေယာဉ်ဖြင့် ပို့ဆောင်ထားကြောင်း ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

အက်ပဲလ်ကုမ္ပဏီက အိန္ဒိယ၌ ထုတ်လုပ်၍ အမေရိကန်နိုင်ငံသို့ ပို့ဆောင်ခဲ့သော အိုင်ဖုန်းအလုံးရေမှာ ၁ ဒသမ ၅ သန်း တစ်နည်းအားဖြင့် အလေးချိန် တန် ၅၀၀ ကျော်ရှိသည်။

အက်ပဲလ်ကုမ္ပဏီ အနေဖြင့် တရုတ်အခြေစိုက် စက်ရုံများ၌ တပ်ဆင်ထုတ်လုပ်သော အိုင်ဖုန်းများအပေါ် အားပြုနေရသည်ဖြစ်ရာ အမေရိကန်အစိုးရ၏ကုန်သွယ်ခွန်တိုးမြှင့်မှုများကြောင့် အမေရိကန်ဈေးကွက်၌ အိုင်ဖုန်းဈေးနှုန်းများ မြင့်တက်သွားနိုင်သည်။

တရုတ်နိုင်ငံမှ အမေရိကန်နိုင်ငံသို့တင်ပို့မည့် ထုတ်ကုန်များအပေါ် အမေရိကန်အစိုးရက အမြင့်ဆုံးအဆင့် ၁၂၅ ရာခိုင်နှုန်းထိ အခွန်စည်းကြပ်မှုများ မြှင့်တင်ထားသည်။

သို့ရာတွင် အိန္ဒိယနိုင်ငံမှတစ်ဆင့် အမေရိကန်နိုင်ငံသို့ တင်ပို့မည့် ထုတ်ကုန်များကိုမူ အမေရိကန်အစိုးရက ၂၆ ရာခိုင်နှုန်းထိသာ အခွန်စည်းကြပ်ထားသည်။


အမေရိကန်အစိုးရ၏ အခွန်စည်းကြပ်မှုကို ရှောင်ရှားနိုင်ရေးအတွက် အက်ပဲလ်ကုမ္ပဏီသည် ယခုနှစ် မတ်လမှစ၍ အိန္ဒိယ၌ထုတ်လုပ်သည့် အိုင်ဖုန်းများကို တစ်စင်းလျှင် တန် ၉၀သယ်ဆောင်နိုင်သော စင်းလုံးငှားလေယာဉ် ခြောက်စင်းဖြင့် အမေရိကန်နိုင်ငံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## 2024 YR 4 ဂြိုဟ်သိမ်က အင်္ဂါဂြိုဟ်နှင့်ကြာသပတေးဂြိုဟ်တို့ကြား ပင်မဂြိုဟ်သိမ် ခါးပတ်ကွင်းနယ်မြေအလယ်ပိုင်းမှပေါ်ထွက်လာသည့် ဂြိုဟ်သိမ်ဖြစ်နိုင်



**ဝါရှင်တန် မေ ၁၀**

2024 YR 4 ဂြိုဟ်သိမ်သည် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့ကြား ပင်မဂြိုဟ်သိမ် ခါးပတ်ကွင်းနယ်မြေအလယ်ပိုင်းမှ ပေါ်ထွက်လာသည့် ဂြိုဟ်သိမ်ဖြစ်နိုင်ကြောင်း မေ ၉ ရက် သတင်းများအရ သိရသည်။

2024 YR 4 ဂြိုဟ်သိမ် ပေါ်ထွက်လာရာ အထက်ပါနယ်မြေသည် သာမန်အားဖြင့် ကမ္ဘာဂြိုဟ်ကို ဖြတ်ကျော်လေ့ရှိသော ဂြိုဟ်သိမ်များနှင့် ဆက်စပ်မှုမရှိသည့် နယ်မြေဖြစ်သည်။

အမေရိကန် သိပ္ပံပညာရှင်များသည် 2024 YR 4 ဂြိုဟ်သိမ်ကို ချီလီနိုင်ငံအခြေစိုက် ဂျီမီနီဆောက်သ် ရေဒီယိုတယ်လီစကုပ်ဖြင့် လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

2024 YR 4 ဂြိုဟ်သိမ်၏ နေရောင်ကို စုပ်ယူနိုင်စွမ်း၊ ပြန်ထုတ်လွှင့်နိုင်စွမ်းတို့မှ ပေါ်ထွက်လာသည့် စွမ်းအင်သည် ၎င်းဂြိုဟ်သိမ်ကို ပင်မဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေ အလယ်ပိုင်းမှ နေအဖွဲ့အစည်းအတွင်းပိုင်းသို့ တွန်းထုတ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

2024 YR 4 ဂြိုဟ်သိမ်သည် ၂၀၃၂ ခုနှစ်တွင် ကမ္ဘာဂြိုဟ်နှင့် ဝင်တိုက်နိုင်ခြေ သုံးရာခိုင်နှုန်းထိရှိသည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ခဲ့ဖူးသော ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် နောက်ပိုင်း၌ အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များက 2024 YR 4 ဂြိုဟ်သိမ်နှင့် ကမ္ဘာဂြိုဟ် ၂၀၃၂ ခုနှစ်တွင် ဝင်တိုက်နိုင်ခြေကို သုညအဆင့်သို့ လျှော့ချခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ဆိုယုဇ်အမ်အက်စ်-၂၇ အာကာသလူသယ်ယာဉ်ကို ရုရှားအာကာသအေဂျင်စီ လွှတ်တင်

**မော်စကို မေ ၁၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) အာကာသယာဉ်မှူး တစ်ဦးနှင့် ရုရှားအာကာသယာဉ်မှူး နှစ်ဦး လိုက်ပါလာသော ဆိုယုဇ်အမ်အက်စ်-၂၇ အာကာသ လူသယ်ယာဉ်ကို ရုရှားအာကာသအေဂျင်စီက မေ ၈ ရက်တွင် လွှတ်တင်ခဲ့ကြောင်း မေ ၉ ရက် သတင်းများအရ သိရသည်။

ဆိုယုဇ်အမ်အက်စ်-၂၇ အာကာသလူသယ်ယာဉ်ကို သယ်ဆောင်ထားသည့် ဆိုယုဇ်ဒုံးပျံကို ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး သုံးနာရီခန့်အကြာတွင် ဆိုယုဇ်အမ်အက်စ်-၂၇ အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။



နိုင်ငံတကာ အာကာသစခန်းနှင့်ချိတ်ဆက်ခဲ့ပြီး မကြာမီမှာပင် အာကာသယာဉ်မှူး သုံးဦးသည် အာကာသစခန်းယာဉ်အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။

အဆိုပါ အာကာသယာဉ်မှူး သုံးဦးတို့သည် နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်၌ ရှစ်လခန့်ထိ တာဝန်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်ရှိ အာကာသယာဉ်မှူးအင်အားမှာ ၁၀ ဦးထိရှိလာပြီဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## နေအဖွဲ့အစည်းဝင်ဂြိုဟ်တစ်စင်းဖြစ်သည့် ယူရေနတ်ဂြိုဟ်၏ တစ်ရက်တာအချိန်ကာလက မူလခန့်မှန်းထားသည်ထက် အနည်းငယ်ပိုရှည်လျား

**ပဲရစ် မေ ၁၀**

နေအဖွဲ့အစည်းဝင် ဂြိုဟ်တစ်စင်းဖြစ်သည့် ယူရေနတ်ဂြိုဟ်၏ တစ်ရက်တာအချိန်ကာလသည် မူလခန့်မှန်းထားသည်ထက် အနည်းငယ်ပိုရှည်လျားကြောင်း သိပ္ပံပညာရှင်များက မေ ၉ ရက်တွင် ပြောကြားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်မှရရှိသည့် အချက်အလက်များအရ ယူရေနတ်ဂြိုဟ်သည် ၎င်း၏ဝင်ရိုးပေါ်၌ တစ်ပတ်အပြည့်ပတ်မိရန် ၁၇ နာရီ ၁၄ မိနစ်နှင့် ၅၂ စက္ကန့် အချိန်ယူရကြောင်း ပြင်သစ်သိပ္ပံပညာရှင်များက ပြောကြားသည်။

ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်က တွက်ချက်ပေးသည့် ယူရေနတ်ဂြိုဟ် တစ်ရက်တာကာလမှာ နာဆာ၏ ဗွိုင်ယေဂျာ-၂ အာကာသယာဉ်က ၁၉၈၆ ပြည့်နှစ်အတွင်း တွက်ချက်ခဲ့သော တစ်ရက်တာ ကာလထက် ၂၈ စက္ကန့် ပိုရှည်လျားကြောင်း သိရသည်။

ပြင်သစ် သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာ သိပ္ပံပညာရှင်များသည် ဟက်ဘယ် အာကာသ ရေဒီယိုတယ်လီစကုပ် အကူအညီဖြင့် ယူရေနတ်ဂြိုဟ်၏ ဝင်ရိုးစွန်း အလင်းရောင်များကို စောင့်ကြည့်ခဲ့ပြီးနောက် အဆိုပါဂြိုဟ်၏ တစ်ရက်တာကာလကို တွက်ချက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂြိုဟ်များ၏ ဝင်ရိုးစွန်းအလင်းရောင်များနှင့် သံလိုက်စက်ကွင်းများကို လေ့လာခြင်းဖြင့် အဆိုပါဂြိုဟ်များ၏ တစ်ရက်တာကာလကိုတွက်ချက်ရာတွင် အထောက်အကူပြုကြောင်း ပြင်သစ်သိပ္ပံပညာရှင်များက ပြောကြားသည်။

ယူရေနတ်ဂြိုဟ်သည် နေနှင့် သတ္တမမြောက်အဝေးဆုံးဂြိုဟ်ဖြစ်ပြီး နေကိုတစ်ပတ်အပြည့် ပတ်မိရန် ၈၄ နှစ် အချိန်ယူရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## အားဖြည့်အချိုရည်များ၌ ထည့်သွင်းသည့် ဓာတုသကြားဓာတ်တစ်မျိုးကြောင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားနိုင်

**ပဲရစ် မေ ၁၀**

Diet Coke ကဲ့သို့ အားဖြည့်အချိုရည်များ၌ ထည့်သွင်းတတ်သည့် ဓာတုသကြားဓာတ်တစ်မျိုးကြောင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားနိုင်ကြောင်း မေ ၉ ရက် သတင်းများအရ သိရသည်။

ပြင်သစ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Aspartame ခေါ် ဓာတုသကြားဓာတ်တစ်မျိုးသည် ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားနှုန်းမြင့်တက်လာမှုနှင့် ပတ်သက်နေနိုင်ကြောင်း သိရသည်။

ပြင်သစ် သုတေသနပညာရှင်များသည် လူပေါင်း ၁၀၈၀၀၀ တို့၏ ဓာတ်စာပုံစံများကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Aspartame အပါအဝင် အစားအစာသုံး ဓာတုပစ္စည်းတစ်မျိုးထက်ပို၍ စားသူများသည် အဆိုပါဓာတုပစ္စည်းများကို မစားသူများထက် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ၁၀ ရာခိုင်နှုန်း ပိုမြင့်မားသည်ကို တွေ့ရကြောင်း ပြင်သစ် သုတေသနပညာရှင်များက ပြောကြားသည်။

အစားအစာသုံး ဓာတုပစ္စည်းများနှင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားနိုင်ခြေတို့ကြား ဆက်စပ်မှုကို ဖော်ထုတ်ရေးအတွက် သုတေသနလုပ်ငန်းများ ထပ်မံလုပ်ဆောင်ရန်လိုကြောင်း ပြင်သစ် သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**

## ဆေးခြောက်ပင်မှရရှိသော ဓာတုပစ္စည်းတစ်မျိုးက အော်တစ်ဇင်ရောဂါလက္ခဏာများကို လျှော့ချနိုင်

**ဘရာဇီးလီးယား မေ ၁၀**

ဆေးခြောက်ပင်မှ ရရှိသော ဓာတုပစ္စည်းတစ်မျိုးသည် ကလေးများနှင့် အရွယ်ရောက်လူငယ်များ၏ အော်တစ်ဇင်ရောဂါလက္ခဏာများကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက မေ ၉ ရက်တွင် ပြောကြားသည်။

ဆေးခြောက်တွင် ပါရှိသည့် Cannabidiol (CBD) ခေါ် ဓာတုပစ္စည်းကို အရည်ပုံစံဖြင့်သုံးစွဲသူ ကလေး အော်တစ်ဇင်လူနာနှင့် အရွယ်ရောက်လူငယ် အော်တစ်ဇင်ရောဂါလူနာများ၌ ရောဂါလက္ခဏာများ သိသိသာသာ လျော့ပါးလာသည်ကို တွေ့ရကြောင်း ဘရာဇီး သုတေသနပညာရှင်များက ပြောကြားသည်။

CBD ဓာတုဒြပ်ပေါင်းသည် အော်တစ်ဇင်လူနာများ၏ အိပ်စက်နိုင်မှုအရည်အသွေးကိုမြှင့်တင်ပေးနိုင်ပြီး စိုးရိမ်သောကကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် CBD ဓာတုဒြပ်ပေါင်းသည် အော်တစ်ဇင်ရောဂါလူနာများအတွက် ပင်ပန်းနွမ်းနယ်ခြင်း၊ အစာစားလိုစိတ် ပြောင်းလဲခြင်း စသည့် ဘေးထွက်ဆိုးကျိုးများလည်း မရှိကြောင်း သိရသည်။

အထက်ပါ လေ့လာတွေ့ရှိချက်များအရ အော်တစ်ဇင်ရောဂါကို ကုသရာတွင် ပုံမှန်ကုထုံးများနှင့်အတူ CBD ဓာတုပစ္စည်းကိုပါ တွဲဖက်အသုံးပြုနိုင်သည့်သဘောရှိကြောင်း သိရသည်။

သုတေသန ပညာရှင်များသည် အော်တစ်ဇင်ရောဂါ လူနာ ၂၇၆ ဦး ပါဝင်သော လေ့လာချက်သုံးခုမှရရှိထားသည့် အချက်အလက်များကို ပြန်လည်ဆန်းစစ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မတူညီသည့်ပြိုင်ဘက်အသင်း ၃၉ သင်းကို ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် လီဝမ်ဒေါစကီးမှတ်တမ်းဝင်



မက်ဒရစ် ဧပြီ ၁၀

တိုက်စစ်မှူး လီဝမ်ဒေါစကီးသည် ဘာစီလိုနာအသင်းနှင့် ဒေါ့မွန်အသင်းတို့ ကစားခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဘာစီလိုနာအသင်းအတွက် သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် မတူညီသည့် ပြိုင်ဘက်အသင်း ၃၉ သင်းကို ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး စီရော်နယ်ဒို၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

ချန်ပီယံလိဂ် ပြိုင်ပွဲသမိုင်းတွင် တိုက်စစ်မှူးမက်ဆီက မတူညီသည့် ပြိုင်ဘက်အသင်း ၄၀ ထိ ဂိုးသွင်းယူနိုင်ခဲ့သည့် ကစားသမားအဖြစ် ရပ်တည်နေပြီး ၎င်းနောက်တွင် တိုက်စစ်မှူး လီဝမ်ဒေါစကီးက ပြိုင်ဘက်အသင်း ၃၉ သင်းကို ဂိုးသွင်းယူနိုင်ခဲ့သဖြင့် တိုက်စစ်မှူး စီရော်နယ်ဒို၏ ပြိုင်ဘက်အသင်း ၃၈ သင်းကို ဂိုးသွင်းယူခဲ့သည့် စံချိန်ကို ကျော်ဖြတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် လီဝမ်ဒေါစကီးသည် ဘာစီလိုနာအသင်း တိုက်စစ်ကို ဦးဆောင်လာခဲ့ပြီး ဒေါ့မွန်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သဖြင့် ပွဲကစားချိန် ၂၅ မိနစ်တွင် ရာဖင်ဟာက ခံစစ်ကစားသမား ကျူဘာစီ၏ ဖန်တီးမှုမှ အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပြီး ဒုတိယပိုင်းပွဲကစားချိန်တွင်လည်း ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် တိုက်စစ်ဆင်နိုင်ခဲ့သောကြောင့် ပွဲချိန် ၄၈ မိနစ်နှင့် ၆၆ မိနစ်တို့တွင် လီဝမ်ဒေါစကီးက ဦးဆောင်ဂိုး နှစ်ဂိုး ဆက်တိုက်သွင်းယူနိုင်ခဲ့ပြီးနောက် ပြိုင်ပွဲကို ထိန်းချုပ်ကစားခဲ့သဖြင့် ဒေါ့မွန်အသင်း ချေပဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပွဲချိန် ၇၇ မိနစ်တွင် ယာမယ်က ဘာစီလိုနာအသင်းအတွက် စတုတ္ထသွင်းဂိုး သွင်းယူခဲ့သောကြောင့် လေးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။

တိုက်စစ်မှူး လီဝမ်ဒေါစကီးသည် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အသင်းအတွက် သွင်းဂိုး ကိုးဂိုး၊ အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး ၂၅ ဂိုး၊ ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင် သွင်းဂိုး သုံးဂိုး၊ စူပါဖလားပြိုင်ပွဲတွင် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး စုစုပေါင်း သွင်းဂိုး ၃၈ ဂိုးထိ သွင်းယူခြေစွမ်းပြနိုင်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

# WBO လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် ကီးရှောင်က အက်ဒ်ဝင်နှင့် ယှဉ်ပြိုင်ထိုးသတ်မည်

နယူးယောက် ဧပြီ ၁၀

WBO လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမား ကီးရှောင်သည် လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ဒိုမီနီကန်လက်ဝှေ့သမား အက်ဒ်ဝင်နှင့် လာမည့် ဇွန်လ ၇ ရက်တွင် ထိုးသတ်သွားမည် ဖြစ်ကြောင်း Top Rank Boxing အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

ကီးရှောင်သည် စိန်ခေါ်ပွဲပေါင်း ၁၆ ပွဲအထိ ထိုးသတ်ထားကာ ရှုံးပွဲနှစ်ပွဲသာရှိသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

အက်ဒ်ဝင်သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် WBC လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံအတွက် လစ်လပ်နေသော နေရာအတွက် အမေရိကန်လက်ဝှေ့သမား စတီဗင်ဆင်နှင့် ထိုးသတ်ခဲ့ရာ ရှုံးနိမ့်သွားခဲ့သည့်အတွက် ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရမည့် အခွင့်အရေးဖြင့် လွဲချော်ခဲ့ရသော်လည်း အက်ဒ်ဝင်အနေဖြင့် ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ထပ်မံထိုးသတ်ခွင့်ရရှိမည်ဖြစ်ပြီး ကီးရှောင်ကလည်း အက်ဒ်ဝင်၏ စိန်ခေါ်မှုအား ကျေကျေနပ်နပ် လက်ခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# မက်ဆီ၏ တစ်ရာသီအတွင်း ချန်ပီယံလိဂ်ပြိုင်ပွဲ ဂိုးပါဝင်ပတ်သက်မှုစံချိန်ကို ရာဖင်ဟာ လိုက်မီ

ဘာစီလိုနာ ဧပြီ ၁၀

ဘာစီလိုနာအသင်း တောင်ပံတိုက်စစ်ကစားသမား ရာဖင်ဟာသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဘာစီလိုနာအသင်းနှင့် ဒေါ့မွန်အသင်းတို့ပွဲစဉ်တွင် အသင်းအတွက် တစ်ဂိုးသွင်းယူပြီး နှစ်ကြိမ် ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့ပြီးနောက် ကစားသမားဟောင်း မက်ဆီ၏ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် တစ်ရာသီအတွင်း ဂိုးပါဝင်ပတ်သက်မှုအကြိမ်ရေကို လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

ဘာစီလိုနာအသင်းက အိမ်ကွင်းတွင် ဒေါ့မွန်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ရာဖင်ဟာသည် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီး ပွဲချိန် ၂၅ မိနစ်တွင် ကိုယ်တိုင် တစ်ဂိုးသွင်းယူနိုင်ခဲ့သကဲ့သို့ အသင်းဖော် လီဝမ်ဒေါစကီးနှင့် ယာမယ်တို့၏သွင်းဂိုးကိုလည်း ဖန်တီးမှု ပြုလုပ်နိုင်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဂိုးပါဝင်ပတ်သက်မှု ၁၉ ကြိမ်ရှိလာခဲ့ပြီးနောက် မက်ဆီ၏ မှတ်တမ်းကောင်းတစ်ရပ်ကို လိုက်မီခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၁၁-၂၀၁၂ ဘောလုံးရာသီက ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၁၄ ဂိုး သွင်းယူပြီး ငါးကြိမ် ဖန်တီးမှုပြုလုပ်နိုင်ခဲ့ကာ ဂိုးပါဝင်ပတ်သက်မှု ၁၉ ကြိမ်ဖြင့် တစ်ရာသီအတွင်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဂိုးပါဝင်ပတ်သက်မှု အများဆုံး ကစားသမားအဖြစ် ရပ်တည်နေခြင်းကို ရာဖင်ဟာက ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ၁၂ ဂိုးသွင်းယူထားပြီး ဂိုးဖန်တီးမှု ခုနစ်ကြိမ် ပြုလုပ်နိုင်ခဲ့သောကြောင့် မက်ဆီ၏စံချိန်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



Ref : One Football

Trs : STA

# တိုက်စစ်မှူး ဆာလာဟ်ကို နှစ်နှစ်သက်တမ်း တိုးနိုင်မည်ဟု လီဗာပူးအသင်းယုံကြည်နေ

လန်ဒန် ဧပြီ ၁၀

လီဗာပူးအသင်း တိုက်စစ်မှူး ဆာလာဟ်သည် လာမည့်နွေရာသီတွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည် ဖြစ်သောကြောင့် အသင်းအနေဖြင့် စာချုပ်သက်တမ်းတိုးနိုင်ရန် အကြိမ်ကြိမ်ကြိုးပမ်းလျက်ရှိရာ ယခုအခါ နှစ်နှစ်သက်တမ်း တိုးနိုင်ရန် သဘောတူညီမှုရရှိခဲ့သဖြင့် ၎င်းကို သက်တမ်းတိုးနိုင်မည်ဟု ယုံကြည်နေကြောင်းသိရသည်။

ဆာလာဟ်သည် အစောပိုင်းက ဆော်ဒီကလပ်အသင်းများ၏ စံချိန်တင် လုပ်ခလစာများဖြင့် ကမ်းလှမ်းမှုများ ရှိခဲ့သဖြင့် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေသော်လည်း လီဗာပူးအသင်း တာဝန်ရှိသူများက အကြိမ်ကြိမ် သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ရာ ကစားသမားအနေဖြင့် တုံ့ပြန်မှုမရှိခဲ့သောကြောင့် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန် သေချာနေချိန်တွင် လီဗာပူးအသင်းက စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းမှုထပ်မံပြုလုပ်ခဲ့ရာ သဘောတူညီမှုရရှိခဲ့သောကြောင့် နှစ်နှစ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

လီဗာပူးအသင်းသည် အသင်းမှ အဓိက ကစားသမားများဖြစ်သည့် ဆာလာဟ်အပါအဝင် ခံစစ်ကစားသမားများဖြစ်သည့် ဗန်ဒိုက်နှင့် အာနိုးတို့ကိုလည်း အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရမည်ဖြစ်သောကြောင့် သက်တမ်းတိုးရန်ကြိုးပမ်းနေရပြီး အာနိုးအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းသို့ပြောင်းရွှေ့ရန် သေချာခဲ့သော်လည်း ဆာလာဟ်နှင့် ဗန်ဒိုက်တို့ နှစ်ဦးကို သက်တမ်းတိုးနိုင်မည်ဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

Ref : Espn

Trs : ML

# မွန်တီကာလို တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဂျိုကိုဗစ်က တာဘီလိုကိုရှုံးနိမ့်၍ ပြိုင်ပွဲမှထွက်ခွာခဲ့ရ

ပဲရစ် ဧပြီ ၁၀

ပြင်သစ်နိုင်ငံတွင် ကျင်းပနေသည့် မွန်တီကာလိုတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆာဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ချီလီတင်းနစ်ကစားသမား တာဘီလိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တာဘီလိုက (၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် မွန်တီကာလိုတင်းနစ်ပြိုင်ပွဲတွင် ဒုတိယအဆင့်မှ စတင်ယှဉ်ပြိုင်ခွင့်ရခဲ့သည့် ကစားသမား တစ်ဦးဖြစ်ပြီး ပုံစံကောင်းပျောက်ဆုံးခဲ့ကာ နှစ်ပွဲပြတ်ရလဒ်ဖြင့် တာဘီလိုအား ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။



ဂျိုကိုဗစ်က "ဒီပြိုင်ပွဲမတိုင်မီ တစ်ခြားပြိုင်ပွဲတွေမှာ ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်တွေက စိတ်ကျေနပ်စရာ ကောင်းခဲ့တယ်။ ဒီစွမ်းဆောင်ရည်အတိုင်းသာဆိုရင် တာဘီလိုကို အနိုင်ကစားနိုင်လိမ့်မယ်လို့မျှော်လင့်ခဲ့တယ်။ ဒါပေမဲ့ မျှော်လင့်ထားတဲ့အတိုင်းဖြစ်မလာခဲ့ပါဘူး။ စွမ်းဆောင်ရည်ပိုင်းက စိတ်ပျက်စရာ ကောင်းခဲ့ပါတယ်။ ခက်ခဲတဲ့ပြိုင်ဘက်တစ်ယောက်နဲ့ ရင်ဆိုင်ရမှာ ဖြစ်တဲ့အတွက် အကြိတ်အနယ်ကစားရမဲ့ ပွဲစဉ်တစ်ပွဲဖြစ်လာလိမ့်မယ်လို့ အစောကတည်းက မျှော်လင့်ပြီးသားပါ။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဒီလိုပြတ်သားတဲ့ရလဒ်မျိုးနဲ့ ရှုံးနိမ့်လိမ့်မယ်လို့ ထင်မထားခဲ့ပါဘူး။ အကောင်းဆုံး မကစားနိုင်ခဲ့ရင်တောင် တာဘီလိုရဲ့ရိုက်ချက်တွေကို တုံ့ပြန်နိုင်လိမ့်မယ်လို့ ထင်ထားတာပါ"ဟု ပြောကြားခဲ့သည်။

တာဘီလိုသည် တတိယအဆင့်တွင် ဘူလ်ဂေးရီးယားတင်းနစ်ကစားသမား ဒီမီထရော့ဖ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

## အားကစားသတင်းအတိုအထွာများ

- ခံစစ်ကစားသမား ဂါဘရီရယ်ကို ဆော်ဒီပရိုလိဂ်အသင်းများဖြစ်သည့် အယ်အီသီဟတ်နှင့် အယ်ဟိုင်လာအသင်းတို့က တစ်ပတ်လုပ်ခ စတာလင်ပေါင် ၄၀၀၀၀၀ ထိပေး၍ ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်နေသဖြင့် အာဆင်နယ်အသင်းက ကစားသမားကို လက်လွှတ်ရမည်ဆိုပါက ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀ ပေးရမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ဘဏ္ဍာရေးအခက်အခဲကို ကျော်ဖြတ်ရန်ကြိုးပမ်းနေသည့် ဘာစီလိုနာအသင်းမှ တောင်ပံကစားသမား ရာဖင်ဟာကို စတာလင်ပေါင် ၆၉ သန်းကျော်ပေးချေ၍ တိုက်စစ်ပိုင်း လိုအပ်ချက်ကိုဖြည့်ဆည်းရန် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက စီစဉ်လျက်ရှိသည်။

ML

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်စစ်ဘက်က ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းတွင် ကင်းထောက်ဒရုန်းများ စေလွှတ်တပ်ဖြန့်သွားမည်



အမေရိကန်တပ်မတော်က တရုတ်(တိုင်ပေ)အနီး ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းတွင် တာဝေးပျံသန်းနိုင်သော ကင်းထောက်ဒရုန်းများကို စေလွှတ်တပ်ဖြန့် သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်ဟု The Defense Post သတင်းဌာနက ဧပြီ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်စစ်ဘက်မှ စေလွှတ်တပ်ဖြန့်သွားမည့် ကင်းထောက်ဒရုန်းများမှာ MQ-4C Triton များဖြစ်ပြီး ၎င်းဒရုန်းများသည် အမေရိကန်-ဂျပန် ကာကွယ်ရေးမဟာမိတ်အဖွဲ့၏ ထောက်လှမ်းရေးစွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်ပေးနိုင်လိမ့်မည် ဖြစ်ကြောင်း ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်နာကာတာနီက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံတစ်ဝန်းရှိ ထောက်လှမ်းရေးအချက်အလက် စုဆောင်းခြင်း၊ စောင့်ကြည့်ခြင်းနှင့် ကင်းထောက်ခြင်းလုပ်ငန်းများကို အားကောင်းစေရန်အတွက် Triton ဒရုန်းအများအပြားသည် လာမည့်သီတင်းပတ်များအတွင်း အိုကီနာဝါကျွန်းရှိ အမေရိကန် Kadena လေတပ်စခန်းသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ဂျပန်စစ်ဗိုလ်ချုပ် နာကာတာနီက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံတစ်ဝန်းရှိ အမေရိကန်စစ်သည် အင်အား ၅၄၀၀၀ ခန့်တပ်စွဲထားရာ အများစုမှာ အိုကီနာဝါကျွန်းတွင်ဖြစ်သည်။ ပြီးခဲ့သောနှစ်အတွင်း ဂျပန်စစ်ဘက်သည် နိုင်ငံတောင်ပိုင်းရေပိုင်နက်ပေါ်တွင် တရုတ်နိုင်ငံဘက်မှ ပျံသန်းဝင်ရောက်လာခြင်းဖြစ်သည်ဟု ယူဆထားသော မောင်းသူမဲ့လေယာဉ်၊ ဒရုန်းများကို ကြားဖြတ်၊ ဟန့်တားရန် တိုက်လေယာဉ်များကို အကြိမ် ၃၀ ခန့် စုဝေးတပ်ဖြန့်ခဲ့ရသည်ဟု ဒေသတွင်းမီဒီယာများက ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

၎င်းသည် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့ထက် အဆပေါင်းများစွာ ပိုမိုမြင့်မားလာကြောင်း ဂျပန်နိုင်ငံ Yomiuri Shimbun နေ့စဉ်သတင်းစာက ရေးသားဖော်ပြခဲ့သည်။

MQ-4C ဒရုန်းသည် လေထဲတွင် ၂၄ နာရီကျော်လည်ပတ်နိုင်ပြီး အကွာအဝေးရေမိုင် ၇၄၀၀ ထိ လွှမ်းခြုံထောက်လှမ်းနိုင်သော အလယ်အလတ် အမြင့်ပျံလေထဲတွင် ကြာရှည်ပျံသန်းနိုင်စွမ်းရှိသော ဒရုန်းအမျိုးအစားဖြစ်သည်ဟု ထုတ်လုပ်သည့် Northrop Grumman ကုမ္ပဏီက ထုတ်ဖော်ပြောကြားခဲ့သည်။ အမြင့်ပျံမောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများ ပိုင်ဆိုင်ထားသော ဂျပန်စစ်ဘက်သည် နိုင်ငံတော် ကာကွယ်ရေးကို ကျယ်ကျယ်ပြန့်ပြန့် အဆင့်မြှင့်တင်မှုတစ်စိတ်တစ်ပိုင်းအနေဖြင့် အသေးစားတိုက်ခိုက်ရေးဒရုန်းများကိုလည်း သီးခြားဝယ်ယူ ဖြည့်တင်းသွားရန် စီစဉ်ရေးဆွဲလျက်ရှိသည်။

လက်ရှိအချိန်တွင် အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် ဥရောပ NATO မဟာမိတ်အဖွဲ့ဝင်များ၏ စစ်ရေးအသုံးစရိတ်ကို တိုးမြှင့်အသုံးပြုရန် ဖိအားပေးလျက်ရှိကြောင်း သိရသည်။

**US to Deploy Large Surveillance Drones to Japan's Okinawa** ကို ဘာသာပြန်ဆိုထားပါသည်။

## အမေရိကန်နှင့် တောင်ကိုရီးယားကုမ္ပဏီတို့က မောင်းသူမဲ့လေယာဉ်စနစ်များပူးပေါင်းထုတ်လုပ်ရန် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့

အမေရိကန်နိုင်ငံ General Atomics Aeronautical Systems, Inc. (GA-ASI) ကုမ္ပဏီနှင့် တောင်ကိုရီးယားနိုင်ငံ Hanwha Aerospace ကုမ္ပဏီတို့သည် မောင်းသူမဲ့လေယာဉ်စနစ်များ (UAS) ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်သစ်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဧပြီ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

သဘောတူညီချက်သည် ခေတ်သစ်စစ်ပွဲများတွင် မောင်းသူမဲ့စနစ်သုံး စွမ်းရည်များ လိုအပ်ချက်မြင့်တက်နေချိန်တွင် ကမ္ဘာ့ထိပ်တန်းလေကြောင်းနှင့် အာကာသဆိုင်ရာ ကာကွယ်ရေးကုမ္ပဏီနှစ်ခုကြား မဟာဗျူဟာမြောက် ပေါင်းစပ်မှုတစ်ခုလည်းဖြစ်သည်။

၂၀၂၄ခုနှစ် နိုဝင်ဘာလတွင် အမေရိကန်နိုင်ငံ GA-ASI (General Atomics Aeronautical Systems) ကုမ္ပဏီနှင့် တောင်ကိုရီးယားမှ Hanwha Aerospace ကုမ္ပဏီတို့သည် MQ-1C Grey Eagle® Short Takeoff and Landing (GE STOL) UAS ပါဝင်သည့် သမိုင်းဝင်ပျံသန်းသရုပ်ပြမှုကို အောင်မြင်စွာပြုလုပ်ခဲ့မှုသည် ဤပူးပေါင်းဆောင်ရွက်မှု၏ အဓိကအခြေခံအကြောင်းအရင်းဖြစ်သည်။ ထိုစဉ်က တောင်ကိုးရီးယားရေတပ်မှ ကုန်းရေနှစ်သွယ် ကမ်းတက်ချေမှုန်းရေးသင်္ဘော ROKS Dokdo (LPH-6111)သည် Pohang ကမ်းရိုးတန်းတွင် ဖြတ်သန်းခုတ်မောင်းစဉ် Grey Eagle STOL UAS ကို လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး ရေတပ်သင်္ဘောများထံမှ UAV လွှတ်တင်ရေးနှင့် ပြန်လည်ဖမ်းယူရေး အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့မှုကို သက်သေပြသနိုင်ခဲ့သည်။

ဤအချက်သည် အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များ၏ ဘက်စုံစစ်ဆင်ရေးများအတွက် ရှုထောင့်သစ်တစ်မျိုးကို ဖော်ထုတ်ပြသလိုက်ခြင်းဖြစ်ပြီး ပြိုင်ဆိုင်မှုပြင်းထန်သော သို့မဟုတ် ဝေးလံခေါင်သီသော ပတ်ဝန်းကျင်အခြေအနေများတွင် ကင်းထောက်ခြင်း (ISR) နှင့် တိုက်ခိုက်ရေးမစ်ရှင်များကို လိုက်လျောညီထွေစွာ လုပ်ဆောင်နိုင်စွမ်းရှိခြင်းကို တွေ့မြင်ရခြင်းလည်းဖြစ်သည်။

Grey Eagle STOL သည် ကမ်းခြေများ၊ လမ်းများ၊ ကားရပ်နားရန်နေရာများနှင့် အခြားသမားရိုးကျမဟုတ်သော ပြေးလမ်းများပေါ်မှ Grey Eagle STOL UASကို လွှတ်တင်နိုင်မည်ဖြစ်ပြီး Grey Eagle 25M ကိုယ်ထည်၏အကြမ်းခံမှုကိုပြေးလမ်းတိုဒေါင်လိုက် အတက်အဆင်းပြုလုပ်နိုင်မှုစွမ်းဆောင်ရည်ဖြင့် ရောနှောပေါင်းစပ်ထားကြောင်း သိရသည်။



Hanwha Aerospace သည် Grey Eagle STOL UAV နှင့် ဆက်စပ်အင်ဂျင်များထုတ်လုပ်သွားရန် ကိုရီးယားဝမ် ၃၀၀ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံသွားမည်ဟု သိရသည်။ ၎င်းတွင် သုတေသနတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ချဲ့ထွင်ခြင်း၊ တောင်ကိုးရီးယားနှင့် အမေရိကန်နှစ်နိုင်ငံစလုံးရှိ ကုန်ထုတ်လုပ်မှုအခြေခံအဆောက်အအုံများ ထူထောင်ခြင်းနှင့် ပြည်တွင်းမှ စနစ်အစိတ်အပိုင်းပေးသွင်းသူများပါဝင်ခြင်းဖြင့် ခိုင်မာသောပံ့ပိုးရေးကွင်းဆက်တစ်ခု ဖန်တီးခြင်းတို့ပါဝင်ပါသည်။ ထို့ပြင် လာမည့်ဆယ်စုနှစ်အတွင်း အလုပ်အကိုင် ၁၀၀၀၀ ခန့်ဖန်တီးနိုင်မည်ဟုခန့်မှန်းထားပြီး ၎င်းတို့ထဲမှ အနည်းဆုံးလုပ်သားအင်အားဦးရေ ၅၀၀ ခန့်သည် အမေရိကန်နိုင်ငံတွင် နည်းပညာဆန်းသစ်တီထွင်မှုနှင့် လုပ်သားအင်အား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အရေးရရှိမည်ဖြစ်ကာ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအပေါ် သိသိသာသာအကျိုးသက်ရောက်နိုင်စေမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

ဤပူးပေါင်းဆောင်ရွက်မှုသည် စက်မှုဖွံ့ဖြိုးတိုးတက်ရေးထက် ကျော်လွန်၍ အရေးပါသော ရည်မှန်းချက်ကြီးမားမှုကို မီးမောင်းထိုးပြနေသည်။ မဟာဗျူဟာအရ ၎င်းသည် မျိုးဆက်သစ်စစ်ရေးစွမ်းရည်များတွင် မျှဝေရင်းနှီးမြှုပ်နှံမှုကို ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ရေရှည်တည်မြဲသော အမေရိကန်-တောင်ကိုရီးယား နှစ်နိုင်ငံ မဟာမိတ်ဖြစ်မှုကိုအားဖြည့်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ခေတ်သစ်စစ်မှုရေးရာများတွင် ဒရုန်းများသည် မရှိမဖြစ်လိုအပ်လာသည်နှင့်အမျှ GA-ASI နှင့် Hanwha Ae- rospace ကုမ္ပဏီတို့ကြား ပူးပေါင်းဆောင်ရွက်မှုများသည် UAS ဆင့်ကဲဖြစ်စဉ်၏ တိုးတက်ဖွံ့ဖြိုး လုပ်ဆောင်လာမှုဟု သတ်မှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Breaking News: U.S. and South Korea Unite to Build Next-Generation Military Drones for Global Export** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# အဂတိကင်းကွာ လွန်ချမ်းသာ (အပိုင်း-၉)

လင်းလက်

**ပျားသကာသို့ ချိုပါစေ**

"တစ်ယောက်စကား တစ်ယောက်နားမှာ မခါးရအောင် သတိဆောင်၍ မောင်တို့ဆိုလေ ပျားသကာသို့ ချိုလှစေ" ဆိုသကဲ့သို့ပင် တစ်ဦးနှင့်တစ်ဦး ပြောဆို ဆက်ဆံရာတွင် ချိုသာယဉ်ကျေးစွာ ပြောဆိုဆက်ဆံခြင်းကို လူတိုင်းလိုလားကြသည်။ ချိုသာယဉ်ကျေးစွာပြုမူပြောဆို လုပ်ကိုင်ဆောင်ရွက်သူတိုင်းကို လူတိုင်းက ချစ်ခင်နှစ်သက်ကြပြီး ပေါင်းသင်းဆက်ဆံလိုကြသည်။ အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ ရန်လိုခြင်း စသည့် ဒေါသတရားတို့သည် လူသားများအတွက် အကျိုးကျေးဇူးမပေးဘဲ အပြစ်အနာအဆာများကို ဖြစ်စေသည်။ ဒေါသဖုံးလွှမ်းသွားသည့်အခါတွင် စဉ်းစားဆင်ခြင်နိုင်စွမ်းကိုလျော့ကျသွားစေပြီး ဒေါသဖြင့် အရာရာကိုရင်ဆိုင်ဖြေရှင်းဆောင်ရွက်သည့်အခါ နှုတ်ထွက်စကားများက ရိုင်းစိုင်းကြမ်းတမ်းတတ်ပြီး ကိုယ်ဖြင့်ပြုလုပ်အပ်သော အပြုအမူများသည် လူသားဆန်မှု၊ လူပီသမှုများနှင့် ကင်းဝေးသွားစေကာ လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို ထိခိုက်စေသဖြင့် သတိပြုဆင်ခြင်အပ်သည်။

လူတိုင်း စိတ်ဆိုးဒေါသဖြစ်စရာများ ကြုံတွေ့တတ်သည်။ အေးဆေးတည်ငြိမ်စွာဖြင့် ဒေါသကိုချိုးနှိမ်၍ ပြုမူပြောဆိုလုပ်ကိုင်ဆောင်ရွက်နိုင်သူတိုင်းသည် အောင်မြင်မှုကိုရနိုင်သည်။ ရင်တွင်းဖြစ်တည်လာရသည့် ဒေါသကို မထိန်းသိမ်းနိုင်ဘဲ နှုတ်ထွက်စကား ကြမ်းတမ်းသွားသူများကလည်း ဒုနဲ့ဒေးပင်ဖြစ်သည်။ စောလူးမင်းသည် ငရမန်ကန်းနှင့်ကြွေအန်ကစားရာတွင် ရှုံးနိမ့်သွားသည်ကို ဒေါသမထိန်းနိုင်ဘဲ "သင်တတ်နိုင်ပါက ငါ့ကိုပုန်ကန်လေ"ဟု ပြောလိုက်မိသည့် စကားတစ်ခွန်းကြောင့်ပင် ငရမန်ကန်းပုန်ကန်၍ ထီးနန်းလည်းဆုံးရှုံး၊ အသက်လည်းဆုံးခဲ့ရသည်။ ဒေါသ၏နောက်ဆက်တွဲ ဆိုးကျိုးတစ်ခုပင်ဖြစ်သည်။ လူမှုဆက်ဆံရေး နယ်ပယ်တွင်လည်း ချိုသာယဉ်ကျေးစွာ ပြောဆိုခြင်းသည် မင်္ဂလာတစ်ပါးဟု မြတ်စွာဘုရားရှင်က ဟောကြားထားသည်။

**ဒေါသ၏ ဆိုးကျိုးများ**

လူသည် ရုတ်တရက်ဖြစ်ပေါ်လာသည့် အခြေအနေတစ်ခုကို ထိန်းချုပ်နိုင်စွမ်းကင်းမဲ့သွားသည့်အခါ ဒေါသဖြစ်သည်။ ဒေါသကြောင့် ခန္ဓာကိုယ်အတွင်း မလိုအပ်သောဟော်မုန်းများ ပိုမိုထွက်လာပြီး ဦးနှောက်၏သွေးလည်ပတ်မှုကို ပုံမှန်မဖြစ်ဘဲ နှလုံးခုန်နှုန်းမြင့်မားလာပြီး ဦးနှောက်က ပုံမှန်အလုပ်လုပ်နိုင်စွမ်းမရှိသည့်အခါ စဉ်းစားဆင်ခြင်နိုင်စွမ်းကင်းမဲ့သွားပြီး ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုခြင်းနှင့်ငြင်းခုံခြင်း၊ မှားယွင်းစွာဆုံးဖြတ်ခြင်းမှသည် ခိုက်ရန်ဖြစ်ပွားသည်ထိ ဖြစ်တတ်သည်။ ဒေါသကိုထိန်းချုပ်နိုင်စွမ်းမရှိသည့်အခါ "ခေါင်းကိုက်ခြင်း၊ ဗိုက်အောင့်ခြင်း၊ စိတ်ကစဉ့်ကလျားဖြစ်ခြင်း၊ စိတ်ဖိစီးမှုများလာခြင်း၊ စိတ်ကျရောဂါဖြစ်လာခြင်း၊ သွေးတိုးရောဂါရလာခြင်း၊ နှလုံးသွေးကြော ကျဉ်းရောဂါရလာခြင်း၊ နှလုံးရောဂါရခြင်းနှင့်လေဖြတ်ခြင်း"များထိ ဖြစ်နိုင်သည်။

တဒင်္ဂဖြစ်ပေါ်လာသည့် ဒေါသကို မထိန်းချုပ်နိုင်ဘဲ ပြုမူ၊ ပြောဆို၊ လုပ်ကိုင်ဆောင်ရွက်မှုတိုင်းသည် အမှန်ထက် အမှားကဘက်သို့သာ ဦးတည်တတ်သည်။ ပညာရှိပင်ဖြစ်လင့်ကစား ဒေါသကို မထိန်းချုပ်နိုင်ဘဲ ပြောလိုက်သည့် စကားတစ်ခွန်းကြောင့် အတိဒုက္ခရောက်ရသည့် ပညာရှိများစွာရှိသည်။ ပုဂံပြည်တွင် နရသီဟပတေ့ဘုရင်အဖြစ်သို့ ရောက်သည့်အချိန်တွင် ဘုရင်ဖြစ်ရန် ကူညီပေးခဲ့ရသည့် ရာဇသင်္ကြံအမတ်ကြီးသည် ဘုရင်က ပစ်ထားသည်ဟု တွေးထင်မိကာ ဒေါသဖြစ်ခဲ့ပြီး ရန်ငြိုးထားခဲ့သည်။ ထိုအမှတ်ရန်ငြိုးဒေါသကို မြိုသိပ်ထားနိုင်ခြင်းမရှိသည့်အခါ မှူးမတ်ဗိုလ်ပါ အလယ်တွင် ပန်းကလပ်အပဲ့ဖြင့် ကွမ်းထည့်ကာ ဘုရင်မြင်အောင် ကွမ်းစားပြလေသည်။ ဘုရင်ကြီးက အဘယ့်အတွက်ကြောင့် ပန်းကလပ်အပဲ့ဖြင့် ကွမ်းထည့်ရသည်ကို မေးမြန်းသော် "ပန်းပွတ်သည် သားမြေးများ ကောင်းစားနေ၍ ပန်းပွတ်မည့်သူမရှိသဖြင့် ပန်းကလပ်အပဲ့ဖြင့်သာ ကွမ်းစားရသည်" ဟု လျှောက်တင်လေသည်။ ဘုရင့်အပေါ် ဖြစ်နေသည့် အမုန်းတရားနှင့် ဒေါသကိုမထိန်းနိုင်ဘဲ ပန်းပွတ်သည်မျိုးရိုးမှ ဘုရင်ဖြစ်လာသည့် နရသီဟပတေ့မင်းကို အရှက်ခွဲလိုက်ခြင်းပင်ဖြစ်သည်။

နရသီဟပတေ့မင်းကလည်း ထိုစကားကို ကြားသည့်အခါတွင် မိမိဘုရင်ဖြစ်အောင် စွမ်းဆောင်ပေးခဲ့သည့် ကျေးဇူးရှင်ဖြစ်လင့်ကစား စော်ကားလာသည့်အခါတွင် ဒေါသကိုထိန်းချုပ်နိုင်စွမ်းကင်းမဲ့ကာ

> ❖ လူသည် ရုတ်တရက်ဖြစ်ပေါ်လာသည့် အခြေအနေတစ်ခုကို ထိန်းချုပ်နိုင်စွမ်းကင်းမဲ့သွားသည့်အခါ ဒေါသဖြစ်သည်။ ဒေါသကြောင့် ခန္ဓာကိုယ်အတွင်း မလိုအပ်သောဟော်မုန်းများ ပိုမိုထွက်လာပြီး ဦးနှောက်၏သွေးလည်ပတ်မှုကို ပုံမမှန်ဖြစ်စေသည်။ နှလုံးခုန်နှုန်းမြင့်မားလာပြီး ဦးနှောက်က ပုံမှန်အလုပ်လုပ်နိုင်စွမ်းမရှိသည့်အခါ စဉ်းစားဆင်ခြင်နိုင်စွမ်းကင်းမဲ့သွားပြီး ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုခြင်းနှင့်ငြင်းခုံခြင်း၊ မှားယွင်းစွာဆုံးဖြတ်ခြင်းမှသည် ခိုက်ရန်ဖြစ်ပွားသည်ထိ ဖြစ်တတ်သည်။❖

ရာဇသင်္ကြံအမတ်ကြီးကို ဒလဘက်သို့နယ်နှင်ဒဏ်ပေးလိုက်လေသည်။ ကြုံတွေ့လာရသည့် အခြေအနေအရပ်ရပ်ပေါ်တွင် တဒင်္ဂဖြစ်ပေါ်လာရသည့် ဒေါသကိုမထိန်းနိုင်ဘဲ ဘုရင်ကိုပင် အရွဲ့တိုက်ပြောဆိုလိုက်မိသည့် ရာဇသင်္ကြံအမတ်ကြီးသည် အတိဒုက္ခရောက်ခဲ့ရသည်။ တစ်ဖက်တွင်လည်း ဘုရင်သည် မိမိကိုပြောသည့်စကားအပေါ်တွင် ဒေါသဖြစ်ကာ ဒေါသာဂတိလိုက်စား၍ ဒေါသဖြင့် ဆုံးဖြတ်လိုက်ခြင်းပင်ဖြစ်သည်။

**ဒေါသာဂတိ သတိရှိပါ**

တဒင်္ဂဖြစ်ပေါ်လာရသည့် ဒေါသကိုမထိန်းနိုင်ဘဲ ခိုက်ရန်ဖြစ်ပွားခြင်းမှသည် လူသတ်မှုကျူးလွန်သည်ထိ ဖြစ်နိုင်သည်။ စိတ်ကို ခေတ္တခဏထိန်းချုပ်ရမည့် အရေးကို အလေးမပေးနိုင်ဘဲ စိတ်၏စေရာသို့ ရောက်ရှိသွားပြီး လူသတ်မှုကိုကျူးလွန်လိုက်မိလျှင် ဘဝကို ပြန်လည်ပြင်ဆင်ချိန် မရနိုင်တော့ဘဲ လက်ကျန်အချိန်များတွင် ဥပဒေ၏အဆုံးအမကို ခံယူကြရမည်ဖြစ်သည်။ မြတ်စွာဘုရားရှင်က ဒေါသစိတ်ကို မထိန်းချုပ်နိုင်သည့်အခါ ဘဝတွင် အမှားများကို ထပ်ခါတစ်လဲလဲ ကျူးလွန်တတ်ပြီး အမျက်ထွက် အမုန်းပွားရန်ငြိုးထားခြင်းများ ဖြစ်ပေါ်တတ်သဖြင့် ဒေါသစိတ်သည် အလွန်ကြောက်မက်ဖွယ်ကောင်းကြောင်း ဟောကြားခဲ့သည်။ ဒေါသစိတ်ကိုအခြေတည်၍ ဆုံးဖြတ်လုပ်ဆောင်မှုများသည်လည်း မှန်ကန်သည့်လမ်းကြောင်းမှ သွေဖည်သွားပြီး အဂတိလိုက်စားမှုများကို ဖြစ်စေသည်။ ဒေါသာဂတိကို လိုက်စားမိပြီး ဒေါသဖြင့် ဆုံးဖြတ်ဆောင်ရွက်လိုက်မိသည့်အခါတွင် မိမိအပါအဝင် ပတ်ဝန်းကျင်တစ်ခုလုံးကို ထိခိုက်စေသဖြင့် ဒေါသာဂတိကို သတိပြုဆင်ခြင်သင့်ပေသည်။

**ဒေါသကြောင့် ဆရာကိုပင်သတ်ရန် ကြံစည်**

မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတွင် သီတင်းသုံးစဉ်အခါက အမျက်ဒေါသထွက်တတ်သော ရဟန်းတစ်ပါးကို ဒေါသနှင့်ယှဉ်၍ ဆောင်ရွက်မှုတိုင်းသည် မကောင်းသည့်ဘက်သို့သာ ဦးတည်တတ်သဖြင့် တရားမရနိုင်သကဲ့သို့ ကျေးဇူးရှင်ကိုပင် ပြစ်မှားတတ်သဖြင့် ဆင်ခြင်သင့်ကြောင်း တိလမုဋ္ဌိဇာတ်ကို ဟောကြားခဲ့သည်။ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးစိုးစံစဉ်တွင် သားတော် ဗြဟ္မဒတ်မင်းသားကို တက္ကသိုလ်ပြည် ဒိသာပါမောက္ခထံသို့ စေလွှတ်၍ အဋ္ဌာရသ ၁၈ ရပ်ကို သင်ကြားစေသည်။ တစ်နေ့တွင် ဗြဟ္မဒတ်မင်းသားသည် ရေချိုးသွားစဉ် မိန်းမအိုတစ်ဦး လှမ်းထားသော နှမ်းတို့ကို မြင်သော် ယူ၍စားမိလေသည်။ သုံးရက်မြောက်၍ နှမ်းသုံးဆုပ်ကို ယူ၍စားမိသည်ရှိသော် မိန်းမအိုသည် ဒိသာပါမောက္ခထံတိုင်ကြားလေသည်။

ဒိသာပါမောက္ခဆရာကြီးက ငယ်ရွယ်စဉ်တွင် သူတစ်ပါးပစ္စည်းကို မတရားရယူ၍ အလကားစားလိုသည့်စိတ်များ ကိန်းအောင်းကာ ကြီးပြင်းပါက ဘုရင်အဖြစ်သို့ရောက်သော် တိုင်းသူပြည်သားများ၏ ပစ္စည်းကိုလည်း ထိုကဲ့သို့ဆောင်ရွက်မည်ဆိုလျှင် တိုင်းပြည်ပျက်အံ့ဟု ဆင်ခြင်မိ၍ မင်းသား၏ ကျောပြင်ကို ဝါးခြမ်းစိတ်ဖြင့် သုံးချက်ရိုက်ကာ ဆုံးမလိုက်လေသည်။ သူတစ်ပါးပစ္စည်းကို ခိုးယူစားသောက်မိသည့် မိမိအပြစ်ကို မမြင်ဘဲ အများရှေ့တွင် အရိုက်ခံရသည်ကိုရှက်၍ ဒေါသစိတ်ဖြစ်ပွားပြီး အမုန်းရန်ငြိုးထားမိလေသည်။ မိမိအားအရှက်ရအောင် အရှက်ခွဲသည်ဆိုသည့် စိတ်ဝင်သွားသည့် မင်းသားသည် "ငါ ဘုရင်ဖြစ်သော် ဤဆရာကို သတ်အံ့"ဟု ဒေါသစိတ်ဖြင့် အမျက်ထွက် ရန်ငြိုးထားလေသည်။

**ဒေါသဖြင့် မဆုံးဖြတ်လေနှင့်**

ပညာသင်ကြားမှုပြီးမြောက်သောအခါ ဗြဟ္မဒတ်သည် ဗာရာဏသီပြည်သို့ ပြန်လည်ရောက်ရှိ၍ အချိန်တန်သည့်အခါတွင် ဘုရင်အဖြစ်သို့ရောက်ရှိလေသည်။ မင်းအဖြစ်သို့ ရောက်ရှိသော်လည်း နှမ်းခိုးစားမိသည့် အပြစ်ကို မိမိအားရိုက်နှက်ဆုံးမခဲ့သည့် ဆရာဖြစ်သူအပေါ်ထားရှိခဲ့သည့် အမုန်းရန်ငြိုးတို့က မကုန်ခဲ့ပေ။ ထို့ကြောင့် လက်ဆောင်ပဏ္ဏာနှင့်တကွ တမန်ကိုစေလွှတ်ကာ ဒိသာပါမောက္ခဆရာကြီးအား မိမိထံသို့ခစားစေသည်။ ဒိသာပါမောက္ခဆရာကြီးကလည်း ပညာရှိတစ်ဦးဖြစ်သဖြင့် နှမ်းသုံးဆုပ်ခိုးစားသဖြင့် တုတ်ဖြင့်သုံးချက်ရိုက်နှက်ဆုံးမခဲ့သည်ကို အမုန်းရန်ငြိုးထား၍ မိမိအားသတ်ရန်ခေါ်သည်ကို သိလေသည်။ ချက်ခြင်းလိုက်မသွားဘဲ ဘုရင်အနေဖြင့် အမှားအမှန်ကို ပိုင်းခြားဝေဖန်နိုင်စွမ်းရှိပြီး တရားပြ၍ရသော အချိန်မှသာ ဘုရင့်ထံသို့အခစားဝင်လေသည်။

ဗြဟ္မဒတ်မင်းကြီးသည် "အသင်ပုဏ္ဏား ငါ့အား နှမ်းသုံးဆုပ်ခိုးစားမိသည့်အပြစ်ကို ခွင့်လွှတ်နိုင်ခြင်းမရှိဘဲ လူပုံအလယ်တွင် အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ရိုက်နှက်ဆုံးမခဲ့သည်။ ယခုမူ ငါကား ဘုရင်ဖြစ်လေပြီ။ ငါ့အား ရိုက်နှက်ဆုံးမခဲ့သည့် သင်ကား သင်၏အသက်ဖြင့် ပြန်လည်ပေးဆပ်ရမည့်အချိန်ဖြစ်သည်"ဟု ပါမောက္ခဆရာကြီးအား ပြောလေသည်။ ဒိသာပါမောက္ခဆရာကြီးသည် မိမိအားသတ်မည်ကိုသိသော်လည်း တုန်လှုပ်ခြင်းမရှိဘဲ "မြတ်သောမင်းကြီး သူတော်ကောင်း၊ သူမြတ်တို့မည်သည် သူတစ်ပါးပစ္စည်းကို နှမ်းတစ်ဆုပ်ပင် မဆိုထားနှင့် နှမ်းတစေ့ပင် မယူကြပေ။ သင့်အား ငယ်စဉ်က နှမ်းသုံးဆုပ်ခိုးစားခြင်းကို ဘုရင့်သားဟူသည့်ဂုဏ်ပုဒ်ကြောင့် ခွင့်လွှတ်ခဲ့မည်ဆိုပါက နှမ်းသုံးဆုပ်မှသည် ပြည်သူတို့၏ပစ္စည်းဥစ္စာများကို မလျော်ဩဇာသုံး၍ ရယူပေလိမ့်မည်။ ထိုအခါ မင်းကျင့်တရားနှင့်မညီသော အဂတိလိုက်စားသော မင်းတစ်ပါးအဖြစ်ရောက်ရှိလိမ့်မည်ကို မလိုလားသဖြင့် ရိုက်နှက်ဆုံးမခဲ့ခြင်းဖြစ်ပေသည်"ဟု လျှောက်တင်လေသည်။

**ဒေါသာဂတိကို သတိထားပါ**

မင်းကြီးလည်း သတိသံဝေဂတရားများရရှိကာ သူတစ်ပါးပစ္စည်းကို မတရားရယူခြင်းနှင့် ခိုးယူခြင်း အလေ့အထနှင့် ဒေါသကြောင့် အမျက်ထွက်ရန်ငြိုးထားကာ အမုန်းပွား၍ ဆုံးဖြတ်မိခြင်းကြောင့် ကျေးဇူးရှင်ဆရာကိုပင် သတ်ရန်ထိကြံစည်မိလေသည်။ မိမိသည် ငယ်စဉ်က သူတစ်ပါးပစ္စည်းကို ဘုရင့်သားဆိုသည့်ရာထူးကို အလွဲသုံးစားလုပ်၍ ရယူမိသည့်စိတ်သည် စွဲမြဲနေမည်ဆိုပါ ဘုရင်ဖြစ်သည့်အချိန်တွင်ရှိသည့်အာဏာကို ပြည်သူလူထုအတွက် ကောင်းကျိုးရှိမည့်နေရာများတွင် အသုံးမချနိုင်ဘဲ မိမိကိုယ်ကျိုးအတွက်သာ အသုံးပြုမိမည်ကို ဆင်ခြင်မိလေသည်။ ဒိသာပါမောက္ခကြီးကိုလည်း မင်းပညာရှိအဖြစ်ခန့်အပ်ကာ မင်းကျင့်တရားနှင့်အညီ တိုင်းပြည်အုပ်ချုပ်၍ မင်းလုပ်ကာနေထိုင်သွားသဖြင့် ပြည်သူပြည်သားတို့၏ချစ်ခင်မှုကို ခံယူအပ်သော မင်းတစ်ပါးဖြစ်ခဲ့လေသည်။

ဒေါသသည် ဖြစ်ပေါ်လာသည့် အခိုက်အတန့်အချိန်လေးတွင် စိတ်ရောကိုယ်ပါ ကျန်းမာခြင်းကို ထိခိုက်စေနိုင်ပြီး ဒေါသဖြင့် အမုန်းရန်ငြိုးထားကာ ဒေါသအလိုကျ ဘက်လိုက်ဆုံးဖြတ်ဆောင်ရွက်မည်ဆိုပါက ဆိုးကျိုးများဖြစ်ပေါ်လာနိုင်သည်။ ပညာရှိပင်ဖြစ်လင့်ကစား ဒေါသဖြင့်ဆောင်ရွက်သည့်အခါ ကိုယ်တိုင်အတိဒုက္ခရောက်ရသည့် ရာဇသင်္ကြံအမတ်ကြီး၏ ဖြစ်စဉ်၊ တဒင်္ဂဖြစ်လာရသည့် ဒေါသကိုမထိန်းချုပ်နိုင်ဘဲ အမုန်းရန်ငြိုးထားကာ ဆရာကိုပင်သတ်ရန် ကြံစည်မိသည်ထိ ဖြစ်ခဲ့ရသည့် ဗြဟ္မဒတ်မင်းကြီး၏ လုပ်ရပ်တို့ကို သတိပြုမိကြရန်လိုသည်။ တဒင်္ဂဖြစ်ပေါ် လာရသည့် ဒေါသစိတ်ကို ထိန်းချုပ်နိုင်စွမ်းကင်းမဲ့ကာ ဒေါသဖြင့် အမုန်းရန်ငြိုးထားပြီး ဆုံးဖြတ်ဆောင်ရွက်ကာ ဒေါသာဂတိလိုက်စားမိမည်ဆိုပါက မိမိအပါအဝင် လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို ထိခိုက်စေသဖြင့် ရင်တွင်းဖြစ်ပေါ်လာသည့် ဒေါသစိတ်များကို ထိန်းချုပ်ကာ ဒေါသာဂတိလိုက်စားခြင်းမှ ကင်းဝေးနိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရသည်။

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ။

# သရုပ်ဆောင် ပိုင်တံခွန်နှင့် အလှူရှင်များက မန္တလေးငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေများ၊ စားသောက်ကုန်များ၊ ဆေးဝါးများနှင့် ရွှေ့လျားအိမ်သာများ လှူဒါန်း



**ရန်ကုန် ဧပြီ ၁၀**

သရုပ်ဆောင် ပိုင်တံခွန်နှင့် အလှူရှင်များ၊ ထိုင်းနိုင်ငံမှ မိတ်ဆွေများက မန္တလေးငလျင်ဒဏ်သင့် ပြည်သူများအတွက် အလှူငွေများ၊ စားသောက်ကုန်များ၊ ဆေးဝါးများနှင့် အရေးပေါ်သုံး ရွှေ့လျားအိမ်သာများကို ဧပြီ ၉ ရက်က လှူဒါန်းခဲ့ကြောင်း သရုပ်ဆောင် ပိုင်တံခွန်က ပြောပြ၍ သိရသည်။

ထိုကဲ့သို့ လှူဒါန်းရာတွင် ခိုင်နှင်းဝေ ဖောင်ဒေးရှင်းအပါအဝင် လူမှုကူညီရေးအသင်းများသို့ အလှူငွေကျပ် သိန်း ၃၀၀၊ အရေးပေါ်လိုအပ်သည့် ဆေးဝါးများနှင့် စားသောက်ကုန်များ လှူဒါန်းခြင်းအတွက် ငွေကျပ်သိန်း ၁၅၀၀၊ အရေးပေါ်သုံး ရွှေ့လျား အိမ်သာများအတွက် အလှူငွေကျပ်သိန်း ၆၀၀ စုစုပေါင်း ငွေကျပ်သိန်း ၂၄၀၀ လှူဒါန်းထားကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ငလျင်ဘေးကြောင့် တိုက်တာအိုးအိမ် တကယ်ဆုံးရှုံးထိခိုက်ခံစားခဲ့ရတဲ့ ငလျင်ဘေးသင့် ပြည်သူတွေကို သာ အဓိကထားပြီး လှူဒါန်းသွားမှာ ဖြစ်ပါတယ်။ ဒီကပ်ဘေးကြီးအတွက် အလှူရှင်တွေ၊ ကယ်ဆယ်ရေးသမားတွေ၊ စေတနာ့ဝန်ထမ်းတွေက ကာယအား၊ ဉာဏအား၊ ငွေအားတွေနဲ့ လှူပေးနေတာလဲ တွေ့ရပါတယ်" ဟု သရုပ်ဆောင် ပိုင်တံခွန်က ပြောပြသည်။

ထိုင်းနိုင်ငံမှ ပိုင်တံခွန်၏ ပရိသတ်များ၊ မိတ်ဆွေများကလည်း မြန်မာနိုင်ငံမှ မန္တလေး ငလျင်ဒဏ်သင့် မိသားစုများအတွက် အလှူငွေများကိုစုပေါင်း၍ ပိုင်တံခွန်မှတစ်ဆင့် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ASH

# မန္တလေးငလျင်ဒဏ်သင့်ဒေသများအတွက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)သို့ ဂီတလောကသားများက အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိ

**မန္တလေး ဧပြီ ၁၀**

မန္တလေးငလျင်ဘေးဒဏ်သင့် ဒေသများအတွက်မြန်မာနိုင်ငံဂီတ အစည်းအရုံး(ဗဟို)မှ ဦးဆောင် လှူဒါန်းနေသည့် အစီအစဉ်သို့ ဂီတလောကသားများက မတ် ၂၉ ရက်မှစတင်ကာ နေ့စဉ်အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နေပြည်တော် ကောင်စီနယ်မြေတို့ရှိ မန္တလေး ငလျင်ဒဏ်ခံစားရသည့် ပြည်သူများကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က လိုအပ်သည့်ဆေးဝါး၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ရာ ၎င်းအစီအစဉ်အတွက် ဂီတလောကသားများ၊ အလှူရှင်၊ စေတနာရှင်များက အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။



"ငလျင်ဒဏ်သင့် ပြည်သူတွေကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ကနေတစ်ဆင့် လှူဒါန်းဖို့ တေးသံရှင်တွေ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းက မြို့နယ်ဂီတအစည်းအရုံးအသီးသီးနဲ့ စေတနာရှင်၊ အလှူရှင်တွေက အလှူငွေတွေ လာရောက်လှူဒါန်းခဲ့ပါတယ်။ ဒီအလှူငွေထဲကနေ ဧပြီ ၉ ရက်က မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံး(ဗဟို)က ပထမအကြိမ်အနေနဲ့ အလှူငွေကျပ် သိန်း ၅၀၀ နဲ့ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းတွေကို လှူဒါန်းခဲ့ပါတယ်။ စုစုပေါင်းလှူဒါန်းမှုကတော့ ငွေကျပ် သိန်း ၈၀၀ လောက်ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးနဲ့အတူ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ကလဲ အတူလက်တွဲပြီး လှူဒါန်းကြမှာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးလွင်မြင့်က ပြောပြ၍ သိရသည်။

ASH

# ခိုင်နှင်းဝေ ပရဟိတအသင်းနှင့် စေတနာရှင်၊ အလှူရှင်များက အင်းလေးဒေသရှိ ငလျင်ဒဏ်သင့်မိသားစုများအတွက် ငွေကျပ်သိန်း ၂၃၀၀၀ ခန့် လှူဒါန်းသွားမည်

**ရန်ကုန် ဧပြီ ၁၀**

ခိုင်နှင်းဝေ ပရဟိတအသင်းနှင့် စေတနာရှင်၊ အလှူရှင်များက ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသရှိငလျင်ဘေးဒဏ်သင့် မိသားစု ဦးရေ ၂၂၀၀ ကျော်အတွက် ငွေကျပ် သိန်း ၂၃၀၀၀ ခန့် လှူဒါန်းသွားမည်ဖြစ်ကြောင်း သရုပ်ဆောင် ခိုင်နှင်းဝေထံမှ သိရသည်။

ထိုကဲ့သို့ လှူဒါန်းရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသရှိ မန္တလေးငလျင်ဒဏ်သင့် မိသားစု ၂၂၉၇ စု၊ လူဦးရေ ၁၃၃၄၇ ဦးအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် အလှူငွေကျပ်သိန်း ၂၃၀၀၀ ခန့်ကို ဧပြီ ၁၂ ရက်တွင် အဆိုပါဒေသသို့ သွားရောက် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

"သဘာဝဘေးအတွက် အလှူငွေကျပ် သိန်းခြောက်သောင်း ပြည့်သွားပါပြီ။ အင်းလေးဒေသဘက်ကို ဆက်လက်ကူညီဝေမျှသွားမှာပါ။ အင်းလေးဒေသမှာ စာရင်းရှိ အိမ်ထောင်စု ၂၂၉၇ စု၊ လူဦးရေ ၁၃၃၄၇ ယောက်တို့အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၂၃၀၀၀ လောက် လှူဒါန်းသွားမှာဖြစ်ပါတယ်"ဟု သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြသည်။

သရုပ်ဆောင် ခိုင်နှင်းဝေ၏ ခိုင်နှင်းဝေ ပရဟိတအသင်းက စေတနာရှင်၊ အလှူရှင်များနှင့် လက်တွဲကာ နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သည့် သဘာဝဘေးမြေငလျင်များကြုံတွေ့ခဲ့ရသည့် ငလျင်ဒဏ်သင့် ပြည်သူများကို စားနပ်ရိက္ခာ၊ အသုံးအဆောင်နှင့် ငွေကြေးများ လှူဒါန်းခဲ့ကြောင်းလည်း သိရသည်။

ASH

# ဝါနာဘရားသား၏ A Minecraft ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ သန်း ၃၀၀ ကျော်ရရှိ

**နယူးယောက် ဧပြီ ၁၀**

ဝါနာဘရားသားကုမ္ပဏီ၏ A Minecraft ဇာတ်ကား စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန် ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃၀၁ သန်းထိရှိလာကြောင်း ဧပြီ ၉ ရက် သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

A Minecraft ဇာတ်ကား၏ အဆိုပါဝင်ငွေ ပမာဏအနက် အမေရိကန်ဒေါ်လာ ၁၄၄ ဒသမ ၁ သန်းမှာ အမေရိကန်ပြည်တွင်း ဈေးကွက်မှရရှိခဲ့သော ဝင်ငွေဖြစ်ကြောင်း သိရသည်။

ဝါနာဘရားသားကုမ္ပဏီသည် A Minecraft ဇာတ်ကားကို ဧပြီ ၃ ရက်တွင် အမေရိကန်ဈေးကွက်အပါအဝင် နိုင်ငံတကာရုပ်ရှင်ဈေးကွက် ၇၅ ခုတို့၌ စတင်ရုံတင်ပြသခဲ့သည်။

အဆိုပါ ဝင်ငွေပမာဏကြောင့် A Minecraft ဇာတ်ကားသည် ၂၀၂၅ ခုနှစ်၏ ပွဲဦးထွက်ဝင်ငွေ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကား ဖြစ်လာခဲ့ကြောင်း သိရသည်။

A Minecraft ဇာတ်ကားကို ဒါရိုက်တာဂျရတ်ဟက်က Mine-craft ဗီဒီယိုဂိမ်းကို အခြေခံရိုက်ကူးပေးထားပြီး အဆိုပါဇာတ်ကားတွင် မင်းသား ဂျေဆင်မိုမိုအာ၊ ဂျက်ဘလက်နှင့် မင်းသမီး အမ်မာမိုင်ရာတို့ ပါဝင်ထားသည်။

Ref : Russia Today

Trs : KKO



# Godzilla X Kong-3 ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်း Legendary ရုပ်ရှင်ကုမ္ပဏီ စတင်

**နယူးယောက် ဧပြီ ၁၀**

Godzilla X Kong–3 ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို Legendary ရုပ်ရှင်ကုမ္ပဏီက စတင်နေပြီဖြစ်ကြောင်း ဧပြီ ၉ ရက် သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

Godzilla X Kong–3 ဇာတ်ကားရိုက်ကူးရေးလုပ်ငန်း စတင်နေမှုကို ၎င်းဇာတ်ကား၌ ပါဝင်သရုပ်ဆောင်နေသည့် မင်းသမီး ကိတ်သလင်းဒီဗာက အတည်ပြုပြောကြားထားပြီးဖြစ်သည်။

ကိတ်သလင်းဒီဗာ၏အဆိုအရ Godzilla X Kong–3 ဇာတ်ကားကို ဩစတြေးလျနိုင်ငံ ကွင်းစလန်ပြည်နယ်၌ ရိုက်ကူးနေခြင်းဖြစ်ကြောင်း သိရသည်။

Godzilla X Kong–3 ဇာတ်ကားကို ဒါရိုက်တာ ဂရန်းစပူတိုရီက တာဝန်ယူရိုက်ကူးနေခြင်းဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ကယ်လာဟမ်က ရေးသားပေးထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး ကိတ်သလင်းဒီဗာနှင့်အတူ မင်းသား ဒန်းစတီဗန်နှင့် ဂျက်အိုကွန်နယ်တို့ ပါဝင်သရုပ်ဆောင်ထားပြီး လက်ရှိတွင် Godzilla X Kong –3 ဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်ကို မသိရသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# SAC Chairman Prime Minister Senior General Min Aung Hlaing inspects loss and damage in Aungban damaged by Mandalay Earthquake, beautification of Kalaw city, with giving necessary instructions






Senior General Min Aung Hlaing inspects Kalaw railway station.

**Nay Pyi Taw April 10**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his entourage, the Chief Minister of Shan State, the commander of Eastern Command and officials, this afternoon inspected loss and damage in Aungban caused by Mandalay earthquake and beautification process of Kalaw, leaving necessary instructions.

On arrival at the collapsed Hotel Aungban, the Senior General inspected search and rescue operations at the damaged site and gave necessary guidance to officials. The Senior General asked about search and rescue measures of the rescue teams and fulfilled their needs.

The Senior General also looked into damaged Sasana Hitakari nunnery in the precinct of Aungchantha Buddhism Learning Centre and gave necessary guidance to officials.

At Kalaw railway station, the Senior General heard reports on expanding the Kalaw creek and dredging process by Kalaw District Natural Disaster Management Committee, and creation of new landscape in front of the Kalaw railway station by Kalaw Township Development Committee by the Chief Minister of Shan State and officials.

In his response, the Senior General stressed the need to ensure proper flow of water along Kalaw Creek without any blockage. Officials need to raise public awareness not to throw garbage into the creek and take against them with fine punishment. The Senior General urged residents and administrative bodies to cooperate in beautification of the region and improvement of social system.

The Senior General viewed expending of the width of Kalaw Creek for ensuring proper flow of water and dredging of silt, and progress of landscaping and gave necessary instructions.

The Senior General and party visited Kalaw railway station where officials reported on necessary explanation.

In his instruction, the Senior General underlined that the railway station must be systematic with a fence. The yard of the station must be for the employees of Myanma Railways and passengers only. It must be a systematic, neat and tidy station. Documentary photos of the railway station must be displayed systematically.

100



Senior General Min Aung Hlaing inspects damage situation of Sasana Hitakari nunnery in the precinct of Aungchantha Buddhism Learning Centre.

# Terror mastermind wanted in India extradited from U.S.

**New Delhi April 10**

A terror mastermind allegedly involved in the November 2008 multiple terror attacks in India's financial capital Mumbai, which claimed around 166 lives, was extradited from the United States to New Delhi on Thursday.

Tahawwur Rana, 64, was flown in by a special aircraft. Upon his arrival at the Palam Airport in the Indian capital city, the country's National Investigation Agency (NIA) sleuths formally arrested him.

Now, the alleged terror mastermind would be tried under Indian laws for his role in the multiple terror attacks.

A Canadian national of Pakistani origin, Rana had allegedly planned the dreaded terror attacks while residing in the U.S. along with David Coleman Headley.

Meanwhile, the Pakistani government distanced itself from Rana pointing out his Canadian citizenship.

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets district, township level departmental personnel of Shan State (South) and Pa-O Self-Administered Zone, discussed matters related to earthquake disaster and regional development, inspects damages



Senior General Min Aung Hlaing meets departmental personnel from Shan State (South).

**Nay Pyi Taw April 10**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met district and township level departmental personnel of Shan State (South) and Pa-O Self-Administered Zone separately at the town hall in Taunggyi and at the meeting hall of the self-administered zone this morning and discussed matters related to earthquake disaster and regional development.

Also present at the meeting together with the Senior General were Joint SAC Secretary General Ye Win Oo, SAC members, union ministers, the Shan State chief minister, senior military officers from Office of Commander-in-Chief, and the Eastern Command commander.

At the meeting hall of the self-administered zone, the Senior General heard a report territorial features, and injuries and destruction of departmental buildings, roads, bridges, pagodas caused by Mandalay earthquake that jolted on 28 March, reconstruction undertakings, reconstruction of damaged zetis and religious buildings in the compound of Thirimingala Shwechantha Pagoda in Hopong, presented by U Khun Ye Htwe, Chair of the self-administered zone administration body.

**Earthquake damage and natural disaster response**

In his discussions on earthquake disaster and regional development, the Senior General said the visit is to survey the damage caused by the earthquake in Shan State (South) and the self-administered zone and provide necessary means for rehabilitation. The earthquake left a trail of loss and destruction in Mandalay Region, Sagaing Region, Bago Region and Shan State and up to this morning, 3649 persons were killed and 5018 injured and 145 missing. The government will provide Ks 1 million for every person killed by the earthquake. Moreover, over 60,000 homes, 2366 schools, 3514 monasteries and nunneries, 5620 pagodas and 291 hospitals and clinics were destroyed.

The lesson we learnt from the earthquake is that all buildings must meet engineering standards without fail. Inspection reports revealed that the collapsed or destroyed buildings did not meet the engineering standards and recognized rules and guidelines of the development industry. The price the country has to pay for this recklessness is very high as many lives were lost.



Senior General Min Aung Hlaing hears reports by the chairman of the Pa-O Self-Administered Zone Administration Body.

In fact, saving the lives of people under the rubble is really an arduous job. Teams from foreign countries also joined hands in the rescue and relief work with strenuous efforts. Tatmadaw sent rescue and relief teams soon after the earthquake. Likewise, members of Myanmar Police Force, fire brigades and Red Cross brigades also carried out rescue and relief undertakings with greater acceleration. We are glad to see well-wishers making donations for the victims and some even visiting the disaster-hit areas to present the donations there. Helping people during hard times is an honorable deed.

As regards the transport sector, some railroads, motor roads, railway stations and bridges suffered damages. The government is striving for the earliest restoration of the sector and to restore the damaged schools before the start of a new academic year. It is also exerting efforts to locate the victims in safe shelters before the arrival of monsoon.

**Regional development and production capacity promotion of agriculture-based industries**

Monasteries and religious schools must be built in accord with the specific rules and procedures. Awareness about the recognized standards of the construction industry must be promoted. As water is the core part of town beautifying undertakings, adequate potable water supply must be ensured and catchment area conservation and environmental protection, carried out systematically.

Local supply of basic food must meet the local demand. The State needs a lot of funds for rehabilitation and restoration of the earthquake-hit areas. Export promotion depends on production growth and the country will earn more foreign exchange if it can boost exports. Hence, exports must be increased by successfully conducting agriculture businesses. Essentially, Shan State (South) and the self-administered zone must boost agricultural products and develop mixed cropping. They must increase exports through success in both agriculture and farming businesses.

Measures must be taken to enable students to use their holidays beneficially. There are many people in the country who did not complete their education and it is necessary to collect statistics in Shan State (South) and Pa-O area and conduct informal education courses like reading sessions, knowledge sharing sessions and short-term courses and to open libraries. By doing so, local residents will gain knowledge for their socio-economic lives and livelihoods. It is necessary to motivate all school-aged children to go to school in the upcoming academic year and achieve a high percentage of pass rates. In accordance with the motto "national discipline begins at school," clever youth can be nurtured during schooling under the guidance of parents and teachers. I would like to urge all to make concerted efforts to achieve high standards of education for children and to improve the standards of education.

As for health, healthy eating and living habits must be practiced. Smoking, drinking alcohol and chewing betel that are not beneficial for oneself and one's family must be abstained from and self-control must be upheld. *See Page 14*



Senior General Min Aung Hlaing visits the University of Computer Science (Taunggyi).


Senior General Min Aung Hlaing inspects damage caused by the earthquake at the Thirimingalar Mwedaw Pagoda.

*From Page 13*

It is necessary to raise health awareness to prevent untimely and unnecessary deaths due to an individual's irrational eating and living habits.

Regarding rehabilitation, the government has implemented a policy to construct better buildings, roads and bridges and more developed cities. During the upcoming Thingyan, I would like to urge all to celebrate the festival peacefully in accordance with Myanmar traditions. A free and fair election will be held in December and concerted efforts must be made to hold the election successfully.

After the meeting, the Senior General and party cordially greeted departmental staff who attended the meeting.

Then, the Senior General and party arrived at the Hopong spring in Hopong in Pa-O Self-administered Zone and inspected the maintenance of the spring and the lake, where officials submitted reports to the Senior General.

After hearing the reports, the Senior General gave instructions on systematic maintenance of the spring, consistent measures for pleasantness in the surrounding areas of the lake, maintenance of trees and forests around the spring and other necessary measures before inspecting the lake.

Then, the Senior General and party proceeded to the landmark of Hopong, Thirimingalar Mwedaw Pagoda and paid obeisance to the pagoda by offering flowers, water and lights to the pagoda. Then, the Senior General and party paid obeisance to Chairman of Hopong Township Sangha Nayaka Committee Sayadaw of Hokho Monastery Bhaddanta Vijaya and explained the measures to repair the damaged pagodas in the precinct of the pagoda for their durability in its original architecture in systematic consultation with experts to the Sayadaw. Then, the Senior General and party sought sermons from the Sayadaw and donated offerings. Afterward, the Senior General and party presented cash donations for all-round renovation of the pagoda to members of the pagoda board of trustees.

Then, the Senior General and party inspected the damaged pagodas and religious buildings in the pagoda precinct and gave necessary instructions on reports of officials. Afterward, the Senior General signed the guest book of the pagoda.

Then, the Senior General and party arrived at University of Computer Science (Taunggyi) and heard reports on damage to the main three-storey building, northern and southern classrooms, student hostels and staff housing submitted by officials.

After hearing the reports, the Senior General gave instructions on demolition of the main three-storey building systematically as it was severely damaged and has been designated as a dangerous building by experts, the need to take durability and safety into consideration systematically in constructing a new one and systematic maintenance and repair of other damaged buildings before attended to the needs.

In the evening, the Senior General and party inspected the site for construction of a stadium in Pa-O National All-round Develop Ground and gave instructions on reports of officials. 100


Senior General Min Aung Hlaing inspects the Hopong spring.

# Kazekstan President sends message of condolences to Myanmar leader

**Nay Pyi Taw April 10**

President of the Republic of Kazekstan H.E. Mr. Kassym-Jomart Tokayev sent a message of condolences to Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, expressing his deep heartfelt for the severe damage, loss of life, and numerous injuries caused by the powerful earthquake that struck Mandalay, Myanmar,

In the message, he expressed that upon hearing the sad news of the devastating earthquake that occurred in your esteemed country, which resulted in the loss of many lives of Myanmar nationals, I am deeply saddened. During such a difficult time, I extend my heartfelt condolences to the families who have lost their loved ones and to the people of Myanmar. I sincerely pray that those affected by this natural disaster will recover quickly and be safely reunited with their families.

100

**Mr Min Aung Hlaing,**
**Prime Minister of Myanmar,**
**Nay Pyi Taw,**
**Your Excellency,**

I received with deep sorrow the tragic news of the earthquake in your country, which has claimed the lives of many of your fellow citizens.

In this difficult time, I extend my heartfelt condolences to you, the families who have lost their loved ones, and the people of Myanmar.

In sincerely wish a swift recovery to those injured by this natural disaster and hope they return safely to their families soon.

With deepest sympathy,

Kassym-Jomart Tokayev
President of Kazakhstan
28 March 2025

*From Page 15*

having previously participated in earthquake response efforts in Nepal and Turkey. Their expertise has not only contributed to the successful search and recovery of individuals—both living and deceased—from collapsed buildings, but has also proven invaluable in assessing the structural integrity of damaged buildings at risk of further collapse. In addition, he expressed his deep appreciation and gratitude to the search and rescue team members for their support to Myanmar, particularly highlighting their extensive experience in providing medical treatment to the injured.

On behalf of the State Administration Council, the Government, the National Disaster Management Committee, and the people and families affected by the earthquake, he stated he would like to express his heartfelt gratitude to the Government of Bangladesh and its officials, who, as good neighbors and friends, without any strings attached, with a sense of humanity and full compassion, provided timely and consistent search and rescue services to those affected by the earthquake in our country. He also expressed thanks to the Bangladesh government and officials who were sent to provide medical treatment through the Mobile Clinic, the rescue team led by Colonel Shamim Iftakhar and Colonel Nasir, the medical staff who came to assist, H.E. Dr. Md. Monwar Hossain, Ambassador of Bangladesh to Myanmar, and all the members of the Embassy. He stated that the assistance provided by all those involved will always be remembered by our people.

The Vice-Senior General then presented certificates of appreciation and souvenirs to the Bangladesh Search and Rescue and Emergency Medical Services Team, which were received by a representative from each team. After the ceremony, the Vice-Senior General warmly greeted the Bangladesh Search and Rescue and Emergency Medical Services team and hosted a meal in their honor.

It is reported that these emergency relief teams will leave on April 13th, with a Bangladeshi ship arriving in Yangon on April 10th to deliver relief supplies to Myanmar and the earthquake-affected people.

100

# Chairman of National Disaster Management Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses ceremony to honour and bid farewell to Bangladesh Search and Rescue and Emergency Healthcare Team





Vice-Senior General Soe Win addresses the ceremony to honour and bid farewell to the Bangladesh Search and Rescue and Emergency Healthcare Team.

**Nay Pyi Taw April 10**

Following the severe earthquake and subsequent aftershocks that struck Myanmar on March 28, causing significant destruction and loss, the Bangladesh Search and Rescue and Emergency Healthcare Team arrived in Myanmar to carry out urgent relief operations. Having completed their rescue efforts, the team is set to return to Bangladesh. A ceremony to honor and bid farewell to the team was held this morning at the Tabaung Grounds in Nay Pyi Taw. The event was attended by Chairman of the National Disaster Management Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, who delivered a speech expressing gratitude and appreciation.

The ceremony was attended by Union Ministers who are members of the committee, the Chairman of the Nay Pyi Taw Council, senior military officers from the Office of the Commander-in-Chief, the Commander of the Nay Pyi Taw Command, Deputy Ministers, Ambassador of Bangladesh to Myanmar H.E. Dr. Md. Monwar Hossain, the Military Attaché and other officials, heads of relevant departments, and members of the Bangladesh Search and Rescue and Emergency Healthcare Team along with their officials.

Initially, Vice-Senior General Soe Win, along with the attendees, observed a minute of silence and bowed their heads as a mark of respect and shared sorrow for the lives lost and damages caused by the severe earthquake that struck on March 28, 2025.

In his speech expressing gratitude and appreciation, the Vice-Senior General stated that the 7.7 magnitude earthquake that struck Myanmar on March 28, 2025, resulted in numerous casualties and widespread destruction. He noted that, as a consequence of this earthquake, 112 aftershocks had occurred up to the present time.

He further elaborated that the earthquake caused damage across the country, including the destruction of 50,270 residential houses, 3,514 monasteries and nunneries, 2,366 schools, and 3,678 government offices and buildings. Additionally, 155 bridges and 5,620 pagodas were damaged or destroyed. As of April 9, 2025, the death toll stood at 3,595, with 4,815 people injured and 145 reported missing. Between March 28 and April 9, 2025, search and rescue teams from Myanmar and international emergency response units successfully rescued 653 people alive and recovered the bodies of 718 deceased individuals.



Vice-Senior General Soe Win presents a gift to a Bangladesh team member.



Vice-Senior General Soe Win presents a gift to a Bangladesh team member.

He highlighted that emergency search and rescue operations in the affected areas were conducted by Myanmar's rescue teams, supplemented by international support, including relief supplies, rescue equipment, and medical teams. The Myanmar government and the National Disaster Management Committee have been actively visiting affected communities, providing encouragement, and delivering necessary assistance and relief efforts with full commitment. He also acknowledged Bangladesh's contribution, noting that a 55-member team, led by Colonel Shamim Iftakhar and Colonel Nasir, including search and rescue units, relief teams, medical teams, and structural engineers, arrived in Nay Pyi Taw on April 1, 2025, at 2:00 PM with 69 types of advanced rescue equipment to assist in the relief operations.

Additionally, the medical team led by Colonel Nasir from Bangladesh, which arrived in Nay Pyi Taw on April 1, 2025, worked at the Nay Pyi Taw Children's Specialty Hospital until April 3. Starting from April 4, they established a base at the Zabuthiri Township Hospital, operated mobile clinics in Pyinmana Township, and collaborated with Myanmar's emergency medical teams at the People's Hospital, Lewe Township, and the 1,000-bed Nay Pyi Taw General Hospital. Their efforts included performing four major surgeries and providing healthcare to a total of 527 patients.

Similarly, On April 3, 2025, a Bangladeshi search and rescue team led by Colonel Shamim Iftakhar, in coordination with the Myanmar Fire Services Department, successfully located a missing individual who had been trapped under the rubble of a collapsed building in Nay Pyi Taw. The incident occurred at Building No. 1338, Dhanatheidi Ward, Zabu Thiri Township, following a recent earthquake. A deceased individual was found at the scene. On behalf of the family, he expressed gratitude to the rescuers who, with considerable effort, recovered the body by cutting through walls and concrete floor slabs.

He also expressed special appreciation to the Bangladeshi engineering team for inspecting and demolishing hazardous sections of the earthquake-damaged Central Fire Station in Zabuthiri Township, Nay Pyi Taw, on the morning of April 4, as well as for providing essential guidance.

It is also noted that the Bangladeshi search and rescue team is highly experienced, *See Page 14*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိုပုံးမြို့ကျက်သရေဆောင်သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်စဉ်။

သောင်းကျော်ပျက်စီးဆုံးရှုံးခြင်း၊ စာသင်ကျောင်းပေါင်း ၂၃၆၆ ကျောင်းပျက်စီးဆုံးရှုံးခြင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်စာသင်တိုက်ပေါင်း ၃၅၁၄ ကျောင်း ပျက်စီးဆုံးရှုံးခြင်း၊ဘုရားစေတီပေါင်း ၅၆၂၀ ပျက်စီးဆုံးရှုံးခြင်းနှင့် ဆေးရုံဆေးခန်း ၂၉၁ ခုပျက်စီးဆုံးရှုံးခြင်းများဖြစ်ပေါ်ခဲ့ကြောင်း။

ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် သင်ခန်းစာဖော်ထုတ်ရရှိခဲ့သည်မှာအဆောက်အအုံများဆောက်လုပ်ရာတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ စနစ်တကျဖြင့်သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီမဖြစ်မနေဆောင်ရွက်ကြရန်လိုအပ်သည်ကို သိရှိခဲ့ကြရကြောင်း၊ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် အဆောက်အအုံများကို စစ်ဆေးခဲ့ရာတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ သတ်မှတ်ထားသည့်အတိုင်း ဆောက်လုပ်မှုမရှိခဲ့ခြင်းနှင့် ဆောက်လုပ်ရေးပိုင်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့် မညီညွတ်ဘဲ







ရှေ့ဖုံးမှအဆက်

ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဟိုပုံးမြို့ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမ၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက နယ်မြေဒေသဆိုင်ရာများ၊ မတ် ၂၈ ရက်တွင်လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမြို့နယ်များတွင် လူထိခိုက်ဒဏ်ရာရရှိမှု၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ ဘုရား၊ စေတီပုထိုးများ ထိခိုက်ပျက်စီးခဲ့ရမှုပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်သွားမည့် အခြေအနေများ၊ ဟိုပုံးမြို့ သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီး ပရိဝုဏ်အတွင်းရှိ စေတီများနှင့် သာသနိကအဆောက်အအုံများတွင် ထိခိုက်ပျက်စီးခဲ့ရမှုများကိုပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် သဘာဝဘေးဒဏ်တုံ့ပြန် ဆောင်ရွက်နိုင်မည့် အခြေအနေများ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်သဘာဝဘေးဒဏ်ဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့စဉ် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့၌ ထိခိုက်ပျက်စီးခဲ့မှုများကို ကြည့်ရှုစစ်ဆေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည်များမှာကြားနိုင်ရေးအတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ယနေ့နံနက်ပိုင်းထိ ထိခိုက်သေဆုံးခဲ့ရသူ ၃၆၄၉ ဦး၊ ဒဏ်ရာရရှိခဲ့ရသူ ၅၀၁၈ ဦးနှင့် ပျောက်ဆုံးနေသူ ၁၄၅ ဦးရှိသည်ဟုသိရှိရကြောင်း၊ ငလျင်ဘေးဒဏ်ကြောင့် သေဆုံးခဲ့ရသူများကို တစ်ဦးလျှင် ၁၀ သိန်းကျပ်ဆီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊အခြားထိခိုက်ပျက်စီးမှုများအနေဖြင့် နေအိမ်စုစုပေါင်း ခြောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက နယ်မြေဒေသဆိုင်ရာများ၊ မန္တလေးငလျင်ကြီးကြောင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိမြို့နယ်များတွင်ထိခိုက်ခဲ့မှုများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)အတွင်း ထိခိုက်ပျက်စီးခဲ့မှုကို ကြည့်ရှုစစ်ဆေးစဉ်။



ဟိုပုံးမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဟိုခိုကျောင်းဆရာတော် ဘဒ္ဒန္တဝိဇယထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဟိုပုံးမြို့ကျက်သရေဆောင် သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းစဉ်။

ဆောက်လုပ်ထားသည်ကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းကြောင့် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ချိန်တွင် အသက်ပေါင်းများစွာ ပေးဆပ်ရခြင်းဖြစ်ပြီး ပေးဆပ်မှုအလွန်ကြီးမားခဲ့ရကြောင်း။

မိမိတို့အနေဖြင့် ငလျင်ဒဏ်ကြောင့် ပိတ်မိနေရသူများကို ကယ်ဆယ်ရေးလုပ်ငန်းများကို ခက်ခဲစွာဖြင့်ဆောင်ရွက်ခဲ့ကြရခြင်းဖြစ်ကြောင်း၊ ပြည်ပမှကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့်လည်း အင်တိုက်အားတိုက်ဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်ကြောင်း၊ ငလျင်လှုပ်ပြီးလျှင်ပြီးခြင်း တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးခဲ့သကဲ့သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များကလည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးကြကြောင်း၊ အလှူရှင်များအနေဖြင့်လည်း ပြည်သူများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြသကဲ့သို့ ဘူတာရုံများ၊ တံတားများထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ အမြန်ဆုံးပြန်လည်ကောင်းမွန်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူထိခိုက်ပျက်စီးခဲ့သည့် စာသင်ကျောင်းများ ကျောင်းဖွင့်ချိန်အမီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ငလျင်ဘေးဒဏ်သင့်သည့်ဒေသများမှ ပြည်သူများ မိုးရာသီမရောက်မီ အမိုးအကာအောက်၌ လုံခြုံစွာနေထိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

## ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်စွမ်းအားမြှင့်တင်ရေး

ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များဆောက်လုပ်ရာတွင်လည်း စနစ်တကျ ဆောက်လုပ်ရန်လိုအပ်ကြောင်း၊အဆောက်အအုံများတည်ဆောက်ခြင်းနှင့် ပတ်သက်၍လည်း သတ်မှတ်ချက်များနှင့်အညီ တည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် ဟိုပုံးမြို့ကျက်သရေဆောင် သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီး ပရိဝုဏ်အတွင်းရှိ ဘုရားစေတီများထိခိုက်ပျက်စီးခဲ့မှုကိုကြည့်ရှုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

ငလျင်ဒဏ်သင့်ခဲ့ရသည့်ဒေသများသို့ သွားရောက်၍လှူဒါန်းမှုများရှိကြသည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့ရကြောင်း၊ အခက်အခဲများဖြစ်ပေါ်ချိန်တွင် အချင်းချင်းကူညီဆောင်ရွက်ပေးမှုများသည် ကောင်းမွန်သည့် စိတ်ဓာတ်များပင်ဖြစ်ကြောင်း။


လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ အချို့ရထားလမ်း၊ မော်တော်ကားလမ်းများ၊ ဆောက်မှုများရှိစေရေး အသိပညာပေးမှုများကိုဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့သာယာလှပရေးတွင် ရေရရှိရေးသည် မဖြစ်မနေလိုအပ်သည်ဖြစ်သည့်အတွက် သောက်သုံးရေလုံလောက်စွာရရှိရေး၊ ရေဝေရေလဲ သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုစနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း။

အစားအသောက်နှင့်ပတ်သက်၍ မိမိတို့ဒေသတွင်း၌ အခြေခံစားကုန်များကို လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ရန်လိုကြောင်း၊ ယခု ငလျင်သဘာဝဘေးဖြစ်ပေါ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများကို ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်သွားရန်အတွက် နိုင်ငံတော်အနေဖြင့် ငွေကြေးမြောက်မြားစွာလိုအပ်မည်ဖြစ်ကြောင်း၊ ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်မှသာ ပို့ကုန်တိုးမြှင့်လာမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး ပြည်ပပို့ကုန်တိုးမြှင့်ရရှိနိုင်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အနေဖြင့်လည်းမိမိတို့ဒေသတွင်ဖြစ်ထွန်းသည့် စိုက်ပျိုးရေးထုတ်ကုန်များတိုးမြှင့်ရရှိရေး၊ သီးထပ်စွမ်းအားများမြှင့်တင်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးလုပ်ငန်းများကိုလည်း ဖြစ်ထွန်းအောင်မြင်အောင်ဆောင်ရွက်သွားရန်လိုပြီး ပို့ကုန်တိုးမြှင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

**စာမျက်နှာ ၁၈ သို့**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိုပုံးမြို့ရှိ ဟိုပုံးရေထွက်ကြီး ရေထွက်နှင့်ရေကန်ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပအိုဝ်းအမျိုးသားဘက်စုံဖွံ့ဖြိုးရေးကွင်းရှိ အားကစားရုံတည်ဆောက်ရန် လျာထားသည့်မြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

ယခု ကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်ကိုအကျိုးရှိအောင် အသုံးချနိုင်ရေး စီမံဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးဆုံးခန်းမတိုင်ခဲ့ရသူများ များစွာရှိပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ပအိုဝ်းဒေသ၌လည်း စာရင်းများကောက်ယူ၍ ကျောင်းပြင်ပ ပညာရေးဖြစ်သည့် စာဖတ်ဝိုင်းများ၊ စာကြည့်တိုက်များ၊ အသိပညာပေးခြင်းများ၊ ရက်တိုသင်တန်းပို့ချပေးခြင်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းအားဖြင့် ၎င်းတို့၏လူမှုစီးပွားဘဝနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အသိအမြင်များ တိုးပွားလာစေနိုင်မည်ဖြစ်ကြောင်း၊လာမည့် ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ရာနှုန်းပြည့် ကျောင်းတက်စေရေးစည်းရုံးဆောင်ရွက်သွားရန်နှင့်ကျောင်းနေသူများ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်း မြင့်မားရန်လိုကြောင်း၊ “အမျိုးသားစည်းကမ်းအစစာသင်ကျောင်းက” ဆိုသည့်အတိုင်း ကျောင်းတက်ရောက်နေစဉ်ကာလအတွင်း ဆရာ၊ ဆရာမများနှင့် မိဘများ၏ သွန်သင်ဆုံးမပေးမှုများကြောင့် လိမ္မာရေးခြားရှိသည့်လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက် အားလုံးကစိတ်ဝင်တစားဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် ပညာသင်ကြားရေးနှင့်ပတ်သက်၍ ယခုထက်ပိုမိုတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်လျော်ညီသည့် နေထိုင်စားသောက်မှုရှိရမည်ဖြစ်ကြောင်း၊ မိမိနှင့် မိမိမိသားစုအတွက် မည်သို့မျှအကျိုးမရှိသည့် ဆေးလိပ်၊ အရက်၊ ကွမ်းသုံးစွဲခြင်းများကို ရှောင်ကြဉ်ကြရန်လိုပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းဖြင့် နေထိုင်သွားကြရန်လိုကြောင်း၊ မိမိတို့တစ်ဦး တစ်ယောက်ချင်းစီ၏ သွားလာနေထိုင်စားသောက်မှု မဆင်ခြင်ခြင်းများကြောင့် အချိန်မတိုင်မီ မလိုလားအပ်ဘဲ အသက်ဆုံးရှုံးရခြင်းများ မဖြစ်စေရေး ကျန်းမာရေးအသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

**ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် မူလထက်ပိုမိုကောင်းမွန်သည့် အဆောက်အအုံများ၊ လမ်းတံတားများဖြစ်လာရမည်၊ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်သည့်မြို့များကို ဖော်ဆောင်ပေးနိုင်ရမည်ဟု မူဝါဒချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊** မကြာမီကျရောက်တော့မည့် မြန်မာ့ရိုးရာအတာသင်္ကြန်နှင့်ပတ်သက်၍လည်း ယခုနှစ်အတာသင်္ကြန်ကာလကို မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီအေးအေးချမ်းချမ်းဖြင့်သာ ဖြတ်သန်းကြစေလိုကြောင်း၊ လာမည့် ဒီဇင်ဘာလတွင် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲကိုကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့သို့ရောက်ရှိစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဟိုပုံးမြို့ရှိ ဟိုပုံးရေထွက်ကြီးသို့ ရောက်ရှိကြပြီး ရေထွက်နှင့်ရေကန် ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေထွက်အားစနစ်တကျထိန်းသိမ်းသွားရန်လိုပြီး ရေကန်အတွင်းနှင့် ရေကန်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး စဉ်ဆက်မပြတ်ဆောင်ရွက်ရန်လိုကြောင်း၊ ရေထွက်ပတ်ဝန်းကျင်ဧရိယာအတွင်းသစ်ပင်သစ်တောများကို စနစ်တကျဖြင့် ထိန်းသိမ်းသွားရန်လိုကြောင်းနှင့်အခြားလိုအပ်သည်များကိုမှာကြားကာ ရေကန်အား လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဟိုပုံးမြို့ကျက်သရေဆောင်သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီးသို့ရောက်ရှိပြီး ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ကာ ဘုရားကြီးကို ဖူးမြော်ကြည်ညိုသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဟိုပုံးမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဟိုခိုကျောင်းဆရာတော်ဘဒ္ဒန္တဝိဇယအား ဖူးမြော်ကြည်ညို၍ ဘုရားကြီးပရိဝုဏ်အတွင်းရှိ ဘုရားစေတီများ ထိခိုက်ပျက်စီးခဲ့မှုကို ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများကို မူလပုံစံမပျက်စေဘဲ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျကျွမ်းကျင်ပညာရှင်များနှင့် မွမ်းမံပြုပြင်ခြင်းလုပ်ငန်းများ ဆောင်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထားပြီး ဆရာတော်ကြီးများထံမှ ဩဝါဒနာယူကာလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ၎င်းနောက် ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရားကြီးပရိဝုဏ်အတွင်းရှိစေတီများနှင့် သာသနိကအဆောက်အအုံများတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည်ဘုရားကြီး ဧည့်သည်တော်မှတ်တမ်းတွင်မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)သို့ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ်နှင့်တာဝန်ရှိသူများက ငလျင်ဘေးဒဏ်ကြောင့် ပင်မသုံးထပ်စာသင်ဆောင်နှင့်တောင်၊ မြောက်စာသင်ဆောင်များတွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှု၊ ကျောင်းသား၊ ကျောင်းသူအဆောင်များ၊ ဝန်ထမ်းအိမ်ရာများတွင် ထိခိုက်ပျက်စီးခဲ့ရမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပင်မသုံးထပ်စာသင်ဆောင်ကြီးသည် ပညာရှင်များ၏ စစ်ဆေးတွေ့ရှိချက်များအရ ထိခိုက်ပျက်စီးမှုများပြားခဲ့ပြီး အန္တရာယ်ရှိအဆောက်အအုံဖြစ်သဖြင့် စနစ်တကျဖြင့် ဖြိုဖျက်သွားရန်လိုကြောင်း၊ အသစ်ပြန်လည် တည်ဆောက်ရာတွင် အဆောက်အအုံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုကိုဦးစားပေး၍ စနစ်တကျတွက်ချက်တည်ဆောက်သွားရန် လိုကြောင်း၊ အခြား ထိခိုက်ပျက်စီးခဲ့ရသည့်အဆောက်အအုံများကိုလည်း စနစ်တကျဖြင့် ပြန်လည်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့်မှာကြားပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပအိုဝ်းအမျိုးသားဘက်စုံ ဖွံ့ဖြိုးရေးကွင်းရှိ အားကစားရုံတည်ဆောက်ရန် လျာထားသည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (ဗဝ၁)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်ချမ်းသာစာသင်တိုက်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနဟိတကာရီကျောင်းကို ကြည့်ရှုစစ်ဆေးစဉ်။

☆ ကျောဖုံးမှအဆက်

ထို့နောက် အောင်ချမ်းသာစာသင်တိုက်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနဟိတကာရီကျောင်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကလောမြို့သို့ ရောက်ရှိကြပြီး ကလောဘူတာ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကလောခရိုင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ကလောချောင်းတစ်လျှောက် ချောင်းချဲ့ခြင်း၊ တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကလောမြို့နယ် စည်ပင်သာယာရေးဌာနမှ ကလောဘူတာရှေ့တွင် မြေယာရှုခင်းအသစ်ပြုလုပ်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကလောချောင်းတစ်လျှောက် ရေများပိတ်ဆို့နေခြင်းမရှိဘဲ စဉ်ဆက်မပြတ်စီးဆင်းမှုရှိစေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်ရန်လိုကြောင်း၊ ချောင်းအတွင်း အမှိုက်စွန့်ပစ်ခြင်းများမရှိစေရေးအတွက်လည်း အသိပညာပေးခြင်း၊ဒဏ်ရိုက်ခြင်းတို့ဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နေထိုင်သည့်ဒေသ သာယာလှပရေးနှင့် လူနေမှုစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဒေသခံများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ အတူတကွဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကလောချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်မှုရှိစေရေး ချောင်းချဲ့ခြင်းနှင့် တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် မြေယာရှုခင်းဖော်ဆောင်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကလောဘူတာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘူတာရုံအနေဖြင့် စနစ်တကျရှိရမည်ဖြစ်ပြီး ခြံစည်းရိုးကာရံထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဘူတာရုံအဝန်းအဝိုင်းအတွင်း မီးရထားဝန်ထမ်းများနှင့် ရထားစီးခရီးသည်များသာရှိရမည်ဖြစ်ပြီး စနစ်ကျနပြီး သန့်ရှင်းသပ်ရပ်မှုရှိသည့်ဘူတာရုံဖြစ်ရန်လိုကြောင်း၊ ဘူတာရုံသမိုင်းမှတ်တမ်းဓာတ်ပုံများကိုလည်း စနစ်တကျဖြင့် ထိန်းသိမ်းခင်းကျင်းပြသထားရှိရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကလောဘူတာအတွင်း ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကလောခရိုင်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ ဆောင်ရွက်ပြီးစီးမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကလောချောင်းတစ်လျှောက် ချောင်းချဲ့ခြင်း၊ တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ ကာဇက်စတန်နိုင်ငံသမ္မတက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဧပြီ ၁၀**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ၊အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများအမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် ကာဇက်စတန်နိုင်ငံ သမ္မတ H.E. Mr. Kassym-Jomart Tokayev က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မိမိအနေဖြင့် မြန်မာနိုင်ငံသားများစွာအသက်ဆုံးရှုံးခဲ့ရသည့် အဆွေတော်တို့နိုင်ငံ၌ ဖြစ်ပွားခဲ့သော ဝမ်းနည်းဖွယ်ငလျင်သတင်းကို ကြားသိရသည်မှာ များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ ယခုကဲ့သို့ ခက်ခဲသောအချိန်ကာလတွင် ချစ်ခင်ရသူများဆုံးရှုံးရသည့် မိသားစုများ၊ မြန်မာပြည်သူများအတွက် ဝမ်းနည်းမိပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရသူများ ဆောလျင်စွာပြန်လည်ကောင်းမွန်ပြီး မိသားစုနှင့် ဘေးအန္တရာယ်ကင်းစွာပြန်လည်ဆုံစည်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း သတင်းရရှိသည်။ (ဖြ)

**အဆွေတော်**

မိမိအနေဖြင့် မြန်မာနိုင်ငံသားများစွာအသက်ဆုံးရှုံးခဲ့ရသည့် အဆွေတော်တို့နိုင်ငံ၌ ဖြစ်ပွားခဲ့သော ဝမ်းနည်းဖွယ်ငလျင်သတင်းကို ကြားသိရှိရသည်မှာ များစွာစိတ်မကောင်းဖြစ်ရပါသည်။

ယခုကဲ့သို့ ခက်ခဲသောအချိန်ကာလတွင် ချစ်ခင်ရသူများ ဆုံးရှုံးရသည့် မိသားစုများ၊ မြန်မာပြည်သူများကို ဝမ်းနည်းကြောင်းကို ဖော်ပြလိုပါသည်။

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရသူများ ဆောလျင်စွာပြန်လည်ကောင်းမွန်ပြီး မိသားစုနှင့် ဘေးအန္တရာယ်ကင်းစွာ ပြန်လည်ဆုံစည်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဝမ်းနည်းခြင်းများစွာဖြင့်

**ကာဆန်းရှန်မာ သိုးလ်ကာယဲပ်**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**
**နေပြည်တော်**

# ယူအေအီးနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိ



ယူအေအီးနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာမော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ကြစဉ်။

**နေပြည်တော် ဧပြီ ၁၀**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ငလျင်ဒဏ်သင့်ပြည်သူများအတွက် ယူအေအီးနိုင်ငံမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသည့် Aerostan လေကြောင်းလိုင်းမှ လေယာဉ်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ပြီး အဆိုပါလေယာဉ်တွင် မြန်မာနိုင်ငံငလျင်ဘေးဒဏ်သင့်ဒေသများအတွက် လှူဒါန်းသည့် ဆေးဝါးများနှင့် ယာယီတဲများ စုစုပေါင်း ၆၅ ထုပ်၊ ၂၄၈၆၀ kg ကို တင်ဆောင်၍ ရောက်ရှိလာသည်။

ဆက်လက်ပြီး ယနေ့မွန်းလွဲပိုင်းတွင် ယူအေအီးနိုင်ငံ UAE Air Force မှ Cargo Flight(ကယ်ဆယ်ရေးပစ္စည်း)တင်ဆောင်လာသည့် လေယာဉ်သည် မြန်မာနိုင်ငံငလျင်ဘေးဒဏ်သင့် ဒေသများအတွက် လှူဒါန်းသည့် အစားအစာများနှင့် ယာယီတဲများ စုစုပေါင်း ၃၆ ထုပ်၊ ၃၃၅၈၂ kg တင်ဆောင်၍ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများက လက်ခံကြိုဆိုခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများက ရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို လိုက်လံကြည့်ရှုပြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ပြီး ယူအေအီးနိုင်ငံသို့ ပြန်လည်ထွက်ခွာမည့်ကူညီကယ်ဆယ်ရေးအဖွဲ့တို့အား တွေ့ဆုံနှုတ်ဆက်၍ ကူညီမှုများအပေါ် ကျေးဇူးတင်စကားပြောကြားကာ အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

ယင်းသို့ရောက်ရှိလာသည့်ပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာမော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ဆက်လက်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဖြ)

# နီပေါနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ၊ ဆေးဝါးများ ထပ်မံရောက်ရှိ

**နေပြည်တော် ဧပြီ ၁၀**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာကလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ နီပေါနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ စုစုပေါင်း ပစ္စည်းတန်ချိန် ၂၅၄၄၅ ကီလိုဂရမ် တင်ဆောင်လာသော A-330 အမျိုးအစား လေယာဉ်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိကြသည်။

အဆိုပါပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E.Mr.Harishchandra Ghimire က လွှဲပြောင်းပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိဏ်းနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ (ဖြ)



နီပေါနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများနှင့် ဆေးဝါးများ နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိစဉ်။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ခြင်းအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြား

နေပြည်တော် ဧပြီ ၁၀

မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်ငလျင်နှင့် နောက်ဆက်တွဲငလျင်များကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံသို့ အရေးပေါ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လာရောက်လုပ်ဆောင်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းစဉ်များ ပြီးမြောက်သဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်ထွက်ခွာမည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပေါင်းကွင်း၌ ကျင်းပပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်၍ ကျေးဇူးတင် ဂုဏ်ပြုအမှာစကား ပြောကြားသည်။




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တက်ရောက်လာကြသူများ အလွန်ပြင်းထန်သည့်ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် စာနာနားလည်မှုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်စွာရပ်တန့်၍ ဦးညွတ်ဂါရဝပြုကြစဉ်။

အခမ်းအနားသို့ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H. E. Dr. Md. Monwar Hossain၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့်ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် စာနာနားလည်မှုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်စွာ ရပ်တန့်၍ ဦးညွတ်ဂါရဝပြုကြသည်။

ထို့နောက် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ကျေးဇူးတင်ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် ၇ ဒသမ ၇ ရှိ အင်အားပြင်း ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများ များစွာဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ မြေငလျင်လှုပ်ခတ်ခြင်း၏ နောက်ဆက်တွဲအဖြစ် ယနေ့အချိန်အထိ ၁၁၂ ကြိမ်လှုပ်ခတ်ခဲ့ပြီးဖြစ်ကြောင်း။

ထိုသို့ မြေငလျင်လှုပ်ခတ်မှုများကြောင့် နိုင်ငံတစ်ဝန်းတွင် လူနေအိမ်စုစုပေါင်း ခြောက်သောင်းကျော်၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၃၅၁၄ ကျောင်း၊ စာသင်ကျောင်း ၂၃၆၆ ကျောင်း၊ ဌာနဆိုင်ရာရုံး၊ အဆောက်အအုံ ၃၆၇၈ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ထို့ပြင် တံတားပေါင်း ၁၅၅ စင်း၊ ဘုရားစေတီအဆူ ၅၆၂၀ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ယနေ့နံနက်ပိုင်းအထိ သေဆုံးသူ ၃၆၄၉ ဦး၊ ဒဏ်ရာရရှိသူ

**စာမျက်နှာ ၂၂ သို့**





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင် ပေးအပ်စဉ်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင် ပေးအပ်စဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

၅၀၁၈ ဦးနှင့် ပျောက်ဆုံးသူ ၁၄၅ ဦးရှိခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်မှ ဧပြီ ၉ ရက်အထိ မြန်မာနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် နိုင်ငံတကာမှ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များအနေဖြင့် လူဦးရေ ၆၅၃ ဦးကို အသက်ရှင်လျက် ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူ ၇၁၈ ဦးတို့ကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း။

ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများတွင် အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များဖြင့် ဆောင်ရွက်ပေးခြင်းအပြင် နိုင်ငံတကာမှ ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ကူညီကယ်ဆယ်ရေး အထောက်အကူပြုအဖွဲ့များနှင့် ဆေးအဖွဲ့များကို စေလွှတ်ပြီး ဆောင်ရွက်ပေးခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတော်အစိုးရနှင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့်လည်း မြေငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့ကြရသည့် ပြည်သူများကိုလည်း သွားရောက်တွေ့ဆုံပြီး စိတ်ဓာတ်ခွန်အားပေး၍ လိုအပ်သော ကူညီထောက်ပံ့ပေးမှုများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် Colonel Shamim Iftakhar နှင့် Colonel Nasir တို့ဦးဆောင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ကူညီထောက်ပံ့ရေးအဖွဲ့များ၊ ဆေးအဖွဲ့များ၊ Structure Engineer အဖွဲ့များပါဝင်သည့် စုစုပေါင်းအင်အား ၅၅ ဦးတို့သည် ခေတ်မီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာ အမျိုးအစား ၆၉ မျိုးတို့နှင့်အတူ ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်သို့ ရောက်ရှိခဲ့ပြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Colonel Nasir ဦးဆောင်သည့် ဆေးအဖွဲ့ကလည်း ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်တွင် နေပြည်တော်သို့ ရောက်ရှိချိန်မှစ၍ ဧပြီ ၃ ရက်အထိ နေပြည်တော် ကလေးအထူးကုဆေးရုံကြီးတွင် လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ဧပြီ ၄ ရက်မှစ၍ ဇမ္ဗူသီရိ မြို့နယ်ဆေးရုံတွင် အခြေပြု၍လည်းကောင်း၊ ပျဉ်းမနားမြို့နယ်တွင်လည်း ရွေ့လျားဆေးခန်းအနေဖြင့်လည်းကောင်း၊ ပြည်သူ့ဆေးရုံ လယ်ဝေးမြို့နှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)တွင်လည်း ခွဲစိတ်ကုသမှုများ၌လည်းကောင်း မြန်မာနိုင်ငံမှ အရေးပေါ်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် အကြီးစားခွဲစိတ်မှု လေးခုအပါအဝင် လူနာ ၅၂၇ ဦးကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်ကို တွေ့ရကြောင်း။

အလားတူ Colonel Shamim Iftakhar ဦးဆောင်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးအဖွဲ့အနေဖြင့် ၂၀၂၅ ခုနှစ် ဧပြီ ၃ ရက်တွင်လည်း ငလျင်လှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက် တိုက်အမှတ် ၁၃၃၈ တွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့နှင့် ပူးပေါင်းပြီး အဆောက်အအုံအတွင်း ပိတ်မိ၊ ပိမိနေသည့် ပျောက်ဆုံးနေသူကို ရှာဖွေပေးနိုင်ခဲ့ကြောင်း၊ အဆိုပါနေရာတွင် သေဆုံးသူတစ်ဦးကို တွေ့ရှိရသည့်အတွက် နံရံနှင့် ကွန်ကရစ်ကြမ်းခင်းပြားများကို ခက်ခက်ခဲခဲထိုးခွဲဖွင့်ဖောက်ဖြတ်တောက်ပြီး သေဆုံးသူ၏အသက်မဲ့ခန္ဓာကိုယ်ကို ထုတ်ယူပေးနိုင်ခဲ့သည့်အတွက် မိသားစုများကိုယ်စား ကျေးဇူးအထူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း။

ဧပြီ ၄ ရက် နံနက်ပိုင်းတွင်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ အင်ဂျင်နီယာအဖွဲ့အနေဖြင့် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် ဗဟိုမီးသတ်စခန်း(နေပြည်တော်) အဆောက်အအုံ၏ အန္တရာယ်ရှိသည့် အစိတ်အပိုင်းများ ရှင်းလင်းဖြိုချ ဖျက်ဆီးခြင်းကိုလည်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်အကြံဉာဏ်များပေးခဲ့မှုကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် နီပေါနိုင်ငံနှင့် တူရကီယဲနိုင်ငံတို့တွင် ဖြစ်ပွားခဲ့သည့် ငလျင်လှုပ်ခတ်မှုဖြစ်စဉ်များတွင် သွားရောက်ကူညီပေးခဲ့ကြသည့် အတွေ့အကြုံကောင်းများစွာရှိသည့် အဖွဲ့တစ်ခုဖြစ်သည်ကိုလည်း သိရှိရကြောင်း၊ အဆိုပါ အတွေ့အကြုံများဖြင့် ပြိုကျအဆောက်အအုံအတွင်း ပိတ်မိ၊ ပိမိသူများ၊ အသက်ရှင်နေသူများနှင့် သေဆုံးနေသူများကို ရှာဖွေနိုင်ကယ်ထုတ်နိုင်ရုံသာမက ထပ်မံပြိုကျနိုင်သည့် အဆောက်အအုံအခြေအနေများကိုလည်း အကြံပြုကူညီပေးခဲ့သဖြင့် မိမိတို့အတွက် အကျိုးကျေးဇူးများ များစွာရရှိခဲ့ပါကြောင်း၊ ထို့ပြင် ထိခိုက်ဒဏ်ရာရရှိသူများကိုလည်း ဆေးဘက်ဆိုင်ရာကုသမှုပေးနိုင်သည့် အတွေ့အကြုံရင့်ကျက်သည့် ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များဖြစ်သောကြောင့် မြန်မာနိုင်ငံကို လာရောက်ကူညီဆောင်ရွက်ပေးခဲ့မှုများအပေါ် များစွာ အားရကျေနပ်မိပါကြောင်းနှင့် ကျေးဇူးအထူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း။

ယခုကဲ့သို့ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းပီသစွာဖြင့် မည်သည့်နှောင်ဖွဲ့မှုမျှမရှိဘဲ လူသားချင်းစာနာထောက်ထားမှုစိတ်ထား၊ ကိုယ်ချင်းစာစိတ်ထားအပြည့်အဝဖြင့် မိမိတို့နိုင်ငံရှိ ငလျင်ဘေးဒုက္ခရောက်ရှိကြရသည့် ပြည်သူများအပေါ် အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ပေးခြင်း၊ Mobile Clinic ဖြင့် ဆေးကုသပေးခြင်းတို့အတွက် စေလွှတ်ပေးခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရအဖွဲ့နှင့် တာဝန်ရှိသူများ၊ လာရောက်ကူညီကယ်ဆယ်ပေးခဲ့ကြသည့် Colonel Shamim Iftakhar နှင့် Colonel Nasir တို့ ဦးဆောင်သည့် ကယ်ဆယ်ရေးအဖွဲ့နှင့် ဆေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H. E. Dr. Md. Monwar Hossain နှင့် သံရုံးအဖွဲ့ဝင်များအားလုံးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ နိုင်ငံတော်အစိုးရအဖွဲ့ကိုယ်စား၊ အမျိုးသား အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုယ်စား၊ ငလျင်ဘေးဒဏ်ခံစားရသော ပြည်သူများနှင့် မိသားစုများကိုယ်စား အထူးပင်လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့ပြည်သူများအားလုံးက ကူညီဆောင်ရွက်ပေးခဲ့မှုများအတွက် အမြဲပင်အမှတ်ရနေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဘင်္ဂလားဒေ့ရှ် နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရ လက်ဆောင်များ ပေးအပ်ရာ အဖွဲ့များ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးစီက လက်ခံရယူကြသည်။




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံစဉ်။

အခမ်းအနားအပြီးတွင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့ကို စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပြီး ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။

အဆိုပါ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဧပြီ ၁၁ ရက်တွင် ရန်ကုန်မြို့သို့ မြန်မာနိုင်ငံနှင့် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ လာရောက်ပို့ဆောင်မည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံပိုင် ရေယာဉ်တစ်စီးနှင့်အတူ ဧပြီ ၁၃ ရက်တွင် ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၀**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း၊ အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။


ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ ထူပါရုံစေတီ၊ တကောင်းရပ်ကွက်ရှိ မဟာစေတီ၊ ပန်းဘဲတန်းရပ်ကွက်ရှိ ရတနာဆင



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ မဟာစေတီနေရာတွင် ကူညီကယ်ဆယ်ရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော Sky Villa နေရာကို ကြည့်ရှုစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် စေတနာရှင် အလှူရှင်များကလှူဒါန်းသော အလှူငွေများကို လက်ခံရယူစဉ်။

များရှင်စေတီ၊ မင်းလမ်းရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)နှင့် ချင်းစုရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)သို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများကို ဖယ်ရှားရှင်းလင်းနေမှုများနှင့် ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးတို့ အတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ဧရာဝတီမြစ်ကူးတံတား(ရတနာပုံ)တံတားကြီး၏ချဉ်းကပ်လမ်းများ အက်ကွဲသွားသဖြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးနေစဉ် အဆိုပါတံတားပေါ်၌ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေမှုများအားလည်းကောင်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဥမင်ကိုးဆယ်စေတီတော်ကြီးနှင့် ဟံသာဂီရိဘုန်းတော်ကြီးကျောင်း သာသနိကအဆောက်အအုံများ ပြိုကျပျက်စီးနေမှု အခြေအနေများကိုလည်းကောင်း၊ စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ ဝန်ထမ်းအိမ်ရာ၊ စစ်ကိုင်းခရိုင်မီးသတ်ဦးစီးဌာနရုံး၊ စာသင်ကျောင်းများ ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေးတို့ အတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုအဖြစ် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် သောက်သုံးရေအဆင်ပြေစေရန် အတွက် တပ်မတော်ရေသန့်ဖြန့်ဝေရေး မော်တော်ယာဉ်တို့မှ ဧရာဝတီမြစ်ရေကို သန့်စင်၍ သောက်သုံးရေဖြန့်ဝေပေးနေမှုများအား ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်နှင့် Sky Villa နေရာသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများကလည်းကောင်း၊ မန္တလေးမြို့ စန္ဒာမုနိဘုရား၊ အရိပ်မထွက်ဘုရား၊ စကုကျောင်းတိုက်၊ စူဠာမဏိစေတီတော်နှင့် မဟာမုနိရုပ်ရှင်တော်သို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများကလည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မန္တလေးမြို့ တိမ်ဖြူဟိုတယ်၊ ကျူးလစ်ဟိုတယ်၊ ဝင်းစတားဟိုတယ်၊ မန်းမြန်မာပလာဇာ၊ Ayawaddy River View ဟိုတယ်နေရာများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများကလည်းကောင်း သွားရောက်၍ အပျက်အစီးများ ရှင်းလင်းဖယ်ရှားရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် မြင်းခြံ-မြစ်သား ရေဝန်းလမ်းပေါ်ရှိ ငလျင်ဒဏ်သင့်၍ ကွဲအက်နိမ့်ကျပျက်စီးသွားသော မိုင်တိုင် ၄၆/၄ မှ ၄၇/၀ ထိ ၃ ဖာလုံနေရာ၊ စမုံတံတားအနီးရှိ ပျက်စီးသွားသော လမ်းပိုင်းနေရာ၊ မြစ်သားမြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ ပြိုကျပျက်စီးအဆောက်အအုံများ မြစ်သားမြို့ ရွှေမုဋ္ဌောစေတီနေရာ၊ ကူမဲမြို့ ယုဇနတံတားပျက်စီးမှုနေရာနှင့် ကူမဲမြို့ ရန်ကုန်-မန္တလေး လမ်းပေါ်ရှိ ပြိုကျပျက်စီးသွားသော အဆောက်အအုံများအား သွားရောက်ကြည့်ရှု၍ အပျက်အစီးရှင်းလင်းဖယ်ရှားကာ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ကင်းတားဘက်စုံရေလှောင်တမံ ကွင်းဆင်းမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားပြီး ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ပြုလုပ်သည့် စေတနာရှင် အလှူရှင်များက လှူဒါန်းသော လှူဖွယ်ပစ္စည်းများအား လက်ခံခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့ရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စစ်မှုထမ်းဟောင်းအိမ်ရာများနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြပြီး ယာယီဆေးရုံရှိ ဆေးရုံတက်လူနာများအား စားသောက်ဖွယ်ရာများနှင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(မဝ)



ငလျင်ဒဏ်သင့်ဒေသ၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



## ပြည်ပမှတင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ထပ်မံရောက်ရှိ

**နေပြည်တော် ဧပြီ ၁၀**

ယခုအချိန်သည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ နိုင်ငံတစ်ဝန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ထိုသို့ တည်ဆောက်မှုလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့် ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုကို အင်အားဖြည့်တင်းပေးနိုင်ရန်အတွက် ပြည်ပမှ ဘိလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကော့သောင်း နယ်စပ်ကုန်သွယ်ရေးစခန်းမှ တစ်ဆင့်တင်သွင်းလာသော ဘိလပ်မြေရေယာဉ်များ စဉ်ဆက်မပြတ်ရောက်ရှိလျက်ရှိပြီး ယခုတန်ချိန် ၁၅၀၀ တင်ဆောင်လာသည့်ရေယာဉ်သည် ရန်ကုန်မြို့ ရွှေပြည်သာရွှေမဲဆိပ်ကမ်းသို့ ဧပြီ ၉ ရက် ညနေပိုင်းတွင် ထပ်မံရောက်ရှိခဲ့၍ယနေ့နံနက်ပိုင်း၌ဈေးကွက်အတွင်း ဖြန့်ဖြူးရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းဆောက်လုပ်ရေး လုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သောဘိလပ်မြေကို တင်သွင်းခွင့်ပြုထားပြီး ယခုရေယာဉ်အပြင် ကျန်ဘိလပ်မြေတင်ဆောင်လာသည့် ရေယာဉ်များအပါအပတ်စဉ် ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၇၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဧပြီ ၁၀**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့် အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၌ ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဧပြီ ၁၄ ရက်မှ ဧပြီ ၂၇ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ်၆၇၇၀ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင်မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရတနာပုံနေ့စဉ်သတင်းစာထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်

ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက်(တနင်္ဂနွေနေ့)မှ ဧပြီ ၁၈ ရက် (သောကြာနေ့) ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၁၉ ရက်(စနေနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ


**နေပြည်တော် ဧပြီ ၁၀**

ယနေ့ညနေ ၅နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ တဖြည်းဖြည်းအားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့ညမှ ဧပြီ ၁၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။

ဧပြီ ၁၂ရက်မှ ၁၈ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်အားလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုအန္တရာယ်များကိုလည်းကောင်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၄၇ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၁၀**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၃၂ဦး၊ ကာဇက်စတန်နိုင်ငံသားလေးဦး၊ ကာဂျစ်စတန်နိုင်ငံသား ရှစ်ဦး၊ ဥဇဘက်ကစ္စတန်နိုင်ငံသားနှစ်ဦးနှင့် ရုရှားနိုင်ငံသားတစ်ဦး စုစုပေါင်း ၄၇ ဦးတို့ကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၄၇ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့်အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ကောင်စစ်ဝန်H.EMr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံရုံးမှ ကောင်စစ်ဝန် Mr.Zhenis Mambetaliyev နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr. Nuriddin Mamatkulov နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှPolice Attache Mr. Dmitry Trushkin နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၁၀ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်းဦးရေ ၈၇၄၀ ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ၇၂၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ၁၄၆၁ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူများအား ခြိမ်းခြောက်ထိခိုက်မှုများရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ထိန်းသိမ်းလွှဲပြောင်းပေးလျက်ရှိကြောင်းနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်တို့ကလည်း အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင် အွန်လိုင်းဒုစရိုက်မှုလုပ်ငန်းများမရှိစေရေးဖော်ထုတ်ခြင်း၊အရေးယူခြင်းတို့ကို ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# တာချီလိတ်မြို့တွင် ငွေကျပ်သိန်း ၂၈၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၈ ရက် ညနေ ၆ နာရီတွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ အငှားနေအိမ်တိုက်ခန်း အခန်းအမှတ်(၁၅)ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ ညီလောက်စီအား စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၊ အဆင့်နိမ့်ဘိန်း ၁၀ ဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်အရ အဆိုပါ အငှားတိုက်ခန်း အခန်းအမှတ်(၁၇)နေ ဆိုင်ကပ်အား စိတ်ပြောင်းဆေးဝါး ကက်တမင်း ၂၄ ဂရမ်၊ Happy Water ၃၅ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၊ အဆင့်နိမ့်ဘိန်း ဂရမ် ၂၅၀ နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ယင်းအငှားတိုက်ခန်း အခန်းအမှတ်(၅)နေ စည်သူဖြိုးအား စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၀၊ HONDA CRV မော်တော်ယာဉ် တစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့၍ စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၂၈၅၁ ဒသမ ၇၄ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၁၄၀၀ (တစ်ပြားလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၂၈၀၉ ဒသမ ၈ သိန်း)၊ အဆင့်နိမ့်ဘိန်း ဂရမ် ၂၆၀ (တစ်ဂရမ်လျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၀၄ သိန်း)၊ ကက်တမင်း ၂၄ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၁၀၀၀၀ ကျပ်နှုန်းဖြင့် ဒေသတန်ဖိုးငွေ ၂ ဒသမ ၄ သိန်း)နှင့် Happy Water ၃၅ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၁၁၀၀၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၃၈ ဒသမ ၅သိန်း)တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ညီလောက်စီ ၃၂နှစ်၊ ဆိုင်ကပ် ၃၉ နှစ်နှင့် စည်သူဖြိုး ၂၂ နှစ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)







# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ်ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “KO Thae” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာတော်ကုန်းကျေးရွာနေ သန့်ဇင်ဦး(ခ)သဲမောင်အား နံနက် ၉ နာရီ ၂၅ မိနစ်တွင် အင်းတကော်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဗီယက်နမ်နိုင်ငံ၏ဘက်စုံလွှမ်းခြုံသော မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးထူထောင်မှု အလားအလာ

ဗီယက်နမ်နိုင်ငံသည် မတ်လ ဒုတိယပတ်အတွင်း ဗီယက်နမ်ကွန်မြူနစ်ပါတီ (CPV) အကြီးအကဲ တိုလန်၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း အင်ဒိုနီးရှား၊ စင်ကာပူနိုင်ငံတို့နှင့် ၎င်း၏ဆက်ဆံရေးကို ဘက်စုံလွှမ်းခြုံသော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး(CSP)ထိ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် နယူးဇီလန်နိုင်ငံနှင့် ဘက်စုံလွှမ်းခြုံသော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (CSP) ထူထောင်ပြီးနောက် အင်ဒိုနီးရှား၊ စင်ကာပူနိုင်ငံတို့နှင့်ဆက်ဆံရေးကို အဆင့်မြှင့်တင်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဗီယက်နမ်သည် တရုတ်၊ ရုရှား၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ အမေရိကန်၊ ဂျပန်၊ ဩစတြေးလျ၊ ပြင်သစ်၊ မလေးရှားတို့နှင့်လည်း ဘက်စုံလွှမ်းခြုံသော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (CSP) လက်မှတ်ရေးထိုးထားသည့်အတွက် လက်ရှိအချိန်တွင် ဗီယက်နမ်၏ ထိပ်တန်းသံခင်းတမန်ခင်းတွင် အဆိုပါ လက်မှတ်ရေးထိုးထားသော နိုင်ငံ ၁၂ နိုင်ငံထိ ရှိလာပြီဖြစ်သည်။ အမှန်တော့ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့သည် ဗီယက်နမ်နှင့် ဘက်စုံလွှမ်းခြုံသော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (CSP) ထူထောင်သော နောက်ဆုံးနိုင်ငံများမဟုတ်သည်မှာ အသေအချာပင်ဖြစ်သည်။ ဗီယက်နမ်အနေဖြင့် နောက်ထပ်မည်သည့်နိုင်ငံများနှင့် ဘက်စုံလွှမ်းခြုံသော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (CSP) အပြင် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး(SP)များ ထူထောင်သွားရန် ရည်ရွယ်ထားသော အချက်နှင့် စပ်လျဉ်း၍ မေးခွန်းများထွက်ပေါ်လာလျက်ရှိသည်။

SP နှင့် CSP ထူထောင်ထားသော နိုင်ငံများသည် ဗီယက်နမ်နှင့် အခြားသောနိုင်ငံများကြား အဆင့်မြင့် သံခင်းတမန်ခင်း ထူထောင်ထားမှု၏ ဒုတိယမြောက်နှင့် အဆင့်မြင့်ဆုံးသတ်မှတ်ချက်များပင်ဖြစ်သည်။ အခြားအဆင့်နိမ့်သော ဆက်ဆံရေးသတ်မှတ်ချက်နှစ်ခုမှာ ပုံမှန်နှင့် ဘက်စုံလွှမ်းခြုံသော မိတ်ဖက်ဆက်ဆံရေးတို့ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် အဆင့်နိမ့်သောဆက်ဆံရေးပုံစံ နှစ်မျိုးကို ကမ်းလှမ်းခြင်းမရှိဘဲ SP သို့မဟုတ် CSP လက်မှတ်ရေးထိုးရန်သာ ကမ်းလှမ်းဆုံးဖြတ်လေ့ရှိသည်။ သို့သော် ဗီယက်နမ်သည် ၁၉၈၆ ခုနှစ် ကတည်းက တစိုက်မတ်မတ်ထူထောင်ထားသည့် နိုင်ငံပေါင်းစုံနှင့် အမျိုးမျိုးသောနိုင်ငံခြားရေးမူဝါဒကိုအခြေခံထားရှိသည့် SP နှင့် CSP ကွန်ရက်တည်ဆောက်ရန် လမ်းပြမြေပုံတစ်ခု ဖော်ထုတ်လျက်ရှိသည်။

ဗီယက်နမ်နိုင်ငံခြားရေးမူဝါဒ၏ အန္တိမရည်မှန်းချက်သည် မိတ်ဖက်နိုင်ငံများက ဗီယက်နမ်ကွန်မြူနစ်ပါတီ (CPV)ကို တိုင်းပြည်၏ အဓိကနိုင်ငံရေးပါတီအဖြစ် အသိအမှတ်ပြုခံရမှု ရရှိအောင်ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် စီးပွားရေးတိုးတက်မှုအဆင့်မြှင့်တင်ခြင်း၊ တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အမျိုးသားလုံခြုံရေးခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ခြင်း၊ ပညာရေးမှတစ်ဆင့် ဆော့ဖ်ပါဝါမြှင့်တင်ခြင်း၊ သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ခြင်းနှင့်ယဉ်ကျေးမှုဖလှယ်ခြင်း၊ နှစ်နိုင်ငံနှင့် နိုင်ငံစုံကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် နယ်မြေပိုင်ဆိုင်မှုနှင့်အချုပ်အခြာအာဏာကို ကာကွယ်ရေးဆိုသည့် လမ်းပြမြေပုံသတ်မှတ်ချက် ငါးခု ပါဝင်သည်။

အဆိုပါလမ်းပြမြေပုံသည် အစဉ်အလာ မိတ်ဆွေနိုင်ငံများ၊ ဒေသတွင်းရှိ အိမ်နီးချင်းနိုင်ငံများ၊ ဥရောပရှိ အဓိကနိုင်ငံများ၊ အခြားသောအရေးကြီး မိတ်ဖက်နိုင်ငံများနှင့် SP၊ CSP ကို ဦးစားပေး ထူထောင်လျက်ရှိသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံနှင့် SP ထူထောင်သွားရန် ဦးစားပေးလုပ်ဆောင်နေကြောင်း ဗီယက်နမ်ဝန်ကြီးချုပ်ဟောင်း ငုယင်တန်ဒေါင်က ၂၀၁၃ ခုနှစ် ရှန်ဂရီလာဒိုင်ယာလော့ခ်၌ မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားသွားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် SP နှင့် CSP များကို မူဘောင်များအဖြစ် အခြေခံထားပြီး ၎င်းမှတစ်ဆင့် ပထမဆုံးအနေဖြင့် တစ်နိုင်ငံချင်းစီ၏ မဟာဗျူဟာမြောက် အကျိုးစီးပွားများကို အာရုံစိုက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဒုတိယအနေဖြင့် မဟာဗျူဟာမြောက် ဆွေးနွေးပွဲများနှင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မဟာဗျူဟာမြောက်ယုံကြည်မှု တိုးတက်အောင် ဆောင်ရွက်ရေးနည်းလမ်းများအဖြစ် မျှော်မှန်းထားရှိသည်။ အထူးသဖြင့် နိုင်ငံရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးတို့အပေါ် အာရုံစိုက်ဆောင်ရွက်ခြင်း၊ စီးပွားရေးနှင့် ထောက်လှမ်းရေး သတင်းအချက်အလက်မျှဝေခြင်းဖြင့် ယုံကြည်မှု တိုးတက်အောင်တည်ဆောက်ရန် မျှော်မှန်းထားရှိသည်။ တတိယအချက်အနေဖြင့် မိတ်ဖက်နိုင်ငံများနှင့် ရေရှည်တည်မြဲသောဆက်ဆံရေးတိုးတက်ရန် ရည်မှန်းထားရှိသည်။ စတုတ္ထအချက်အနေဖြင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (SP) သည် အာဏာရ ဗီယက်နမ်ကွန်မြူနစ်ပါတီ၏တရားဝင်မှုကို အကြွင်းမဲ့အသိအမှတ်ပြုသွားရန်ဖြစ်သည်။ ပဉ္စမအချက်အနေဖြင့် အငြင်းပွားမှုများနှင့် ပဋိပက္ခများကို မဟာဗျူဟာမြောက် ယုံကြည်မှုကိုအခြေခံလျက် ငြိမ်းချမ်းစွာဖြေရှင်းသွားရန်ပင်ဖြစ်သည်။

လက်ရှိအချိန်တွင် ဗီယက်နမ်က ဘက်စုံလွှမ်းခြုံသော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (CSP) ထူထောင်ထားသော ၁၂ နိုင်ငံမှာ အရှေ့အာရှမှ သုံးနိုင်ငံ၊ တောင်အာရှမှ တစ်နိုင်ငံ၊ အရှေ့တောင်အာရှမှ သုံးနိုင်ငံ၊ သမုဒ္ဒရာအတွင်းမှ နှစ်နိုင်ငံ၊ ဥရောပမှ နှစ်နိုင်ငံနှင့် မြောက်အမေရိကမှ တစ်နိုင်ငံတို့ဖြစ်သည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့်လည်း CSP ထူထောင်သွားရန် ဆွေးနွေးလျက်ရှိသည်။

ဗီယက်နမ်နိုင်ငံသည် CSP ၁၂ နိုင်ငံအပြင် ထိုင်း၊ ဖိလစ်ပိုင်၊ အီတလီ၊ စပိန်၊ ဂျာမနီ၊ ဗြိတိန်၊ ချက်သမ္မတနိုင်ငံ၊ ပိုလန်၊ ဘရာဇီးနိုင်ငံနှင့်လည်း မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (SP) ထူထောင်ထားရှိသည်။ ထို့ပြင် ဘရူနိုင်း၊ မြန်မာ၊ မွန်ဂိုလီးယား၊ ဒိန်းမတ်၊ နယ်သာလန်၊ ယူကရိန်း၊ ဟန်ဂေရီ၊ ဆွစ်ဇာလန်၊ ကနေဒါ၊ ချီလီ၊ ဗင်နီဇွဲလား၊ အာဂျင်တီးနား၊ တောင်အာဖရိက၊ အာရပ်ဆော်ဘွားများ ပြည်ထောင်စုနိုင်ငံနှင့်လည်း ဘက်စုံလွှမ်းခြုံသော မိတ်ဖက်ဆက်ဆံရေး(CP) သဘောတူညီချက်များ လက်မှတ်ရေးထိုးထားရှိသည်။

အရှေ့တောင်အာရှနိုင်ငံများအနက် လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ဗီယက်နမ်၏နိုင်ငံခြားရေးမူဝါဒတွင် အထူးအဆင့်အတန်း ရရှိထားသည်။ ပထဝီနိုင်ငံရေးဆိုင်ရာရှုထောင့်အရ အဆိုပါ အိမ်နီးချင်း နှစ်နိုင်ငံနှင့် ဗီယက်နမ်၏ အထူးဆက်ဆံရေးသည် လုံခြုံရေးအတွက် အသက်တမျှအရေးပါလျက်ရှိသည်။ ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့သည် လက်ရှိအချိန်တွင် SP ထူထောင်ထားရှိပြီး ၎င်းတို့၏ ဆက်ဆံရေးကို CSP အဆင့်ထိ မြှင့်တင်သွားလိုသည့် ရည်ရွယ်ချက်ကို ထုတ်ဖော်ပြသခြင်း မရှိသေးပေ။ သို့သော် ဖိလစ်ပိုင်နိုင်ငံသည် အာဆီယံစတင်ထူထောင်သည့် ငါးနိုင်ငံအနက် တစ်နိုင်ငံဖြစ်ခြင်း၊ ဒေသတွင်း၌ အင်ဒိုနီးရှားပြီးလျှင် ဒုတိယမြောက် အများဆုံး ဆန့်တင်သွင်းသူဖြစ်ခြင်းနှင့် နိုင်ငံတကာ ဥပဒေများကို လေးစားလိုက်နာသော တောင်တရုတ်ပင်လယ် အငြင်းပွားနိုင်ငံများဖြစ်ခြင်းတို့ကြောင့် နှစ်နိုင်ငံသည် မကြာမီအနာဂတ်တွင် CSP ထိ အဆင့်မြှင့်တင်သွားရန် စဉ်းစားသုံးသပ်သွားလိမ့်မည်ဖြစ်သည်။

အထူးသဖြင့် ဒိန်းမတ်နှင့် နယ်သာလန်တို့သည် ဗီယက်နမ်၏ CP နိုင်ငံများဖြစ်သကဲ့သို့ သီးသန့်နယ်ပယ်များတွင် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ထူထောင်ထားရှိသည်။ ထို့ကြောင့် ဗီယက်နမ်အနေဖြင့် CP နှင့် SP မိတ်ဖက်နိုင်ငံများကို စိတ်ဆန္ဒသာရှိမည်ဆိုလျှင် CSP အဆင့်သို့ အချိန်မရွေး တိုးမြှင့်သွားနိုင်မည်ဖြစ်သည်။ သို့သော် ဗီယက်နမ်သည် ၎င်း၏နိုင်ငံခြားရေးမူဝါဒရည်မှန်းချက်များ အောင်မြင်မှုရရှိရေးအတွက် အရေးပါသော နိုင်ငံများနှင့်သာ CSP ထူထောင်သွားလိမ့်မည်ဖြစ်ပေသည်။

လက်ရှိအချိန်ထိ ဗီယက်နမ်နိုင်ငံသည် အာဖရိကရှိ မည်သည့်နိုင်ငံနှင့်မျှ SP သို့မဟုတ် CP ထူထောင်ထားမှုမရှိသေးပေ။ သို့သော် ၂၀၀၄ ခုနှစ်တွင် တောင်အာဖရိကနှင့် လက်မှတ်ရေးထိုးထားသော ပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးကို CP အဖြစ်ရှုမြင်နိုင်မည်ဖြစ်သည်။ ဗီယက်နမ်နှင့် တောင်အာဖရိကတို့သည် ၎င်းတို့၏ ဆက်ဆံရေးကို SP သို့မဟုတ် CSP ထိ အဆင့်မြှင့်တင်သွားရန် စိတ်အားထက်သန်လျက်ရှိသည်။

အရှေ့အလယ်ပိုင်းဒေသတွင် အာရပ်စော်ဘွားများပြည်ထောင်စုသည် ဗီယက်နမ်နှင့် CP ထူထောင်ထားသည့် တစ်ခုတည်းသော နိုင်ငံပင်ဖြစ်သည်။ နှစ်နိုင်ငံသည် မဝေးတော့သည့် အနာဂတ်တွင် ၎င်းတို့၏ဆက်ဆံရေးကို SP သို့မဟုတ် CSP ထူထောင်သွားဖွယ်ရာရှိနေသည်။ အကြောင်းမူကား စီးပွားရေးဆိုင်ရာ အကျိုးဖြစ်ထွန်းမှုများရှိနေသဖြင့် ဆက်ဆံရေးတိုးမြှင့်ခြင်းကြောင့် ဗီယက်နမ်နိုင်ငံအနေဖြင့် အကျိုးကျေးဇူးများခံစားရမည်ဖြစ်သည်။

လေ့လာသုံးသပ်သူများသည် ဗီယက်နမ်နှင့် အစ္စရေးတို့ကြား သံခင်းတမန်ခင်းဆက်ဆံရေးကို စောင့်ကြည့်လျက်ရှိသည်။ နှစ်နိုင်ငံသည် သံခင်းတမန်ခင်းထူထောင်မှု နှစ် ၃၀ ပြည့် အခမ်းအနားကျင်းပခဲ့ပြီး ကုန်သွယ်မှုသဘောတူညီချက်လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းစာချုပ်သည် ဗီယက်နမ်အနေဖြင့် ၂၀၂၃ ခုနှစ်တွင် အရှေ့အလယ်ပိုင်းနိုင်ငံနှင့် ပထမဆုံးအကြိမ် လက်မှတ်ရေးထိုးမှုပင်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ရုရှားနိုင်ငံမှ စစ်လက်နက်ပစ္စည်းထောက်ပံ့မှု လျော့နည်းလာသည့်အချိန်တွင် အစ္စရေးနိုင်ငံမှ စစ်လက်နက်ပစ္စည်းများနှင့်ကာကွယ်ရေးနည်းပညာများစွာကိုလည်း ဝယ်ယူလျက်ရှိသည်။ သို့သော် အစ္စရေးသည် ဗီယက်နမ်နိုင်ငံ၏ ဘက်စုံလွှမ်းခြုံနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ထူထောင်ထားသောနိုင်ငံလည်း မဟုတ်ပေ။ အစ္စရေးနိုင်ငံနှင့် အဆင့်မြှင့်တင်ထားသော ဆက်ဆံရေးသည် ဗီယက်နမ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၏ စီးပွားရေးနှင့် ကာကွယ်ရေးဆိုင်ရာ ရည်မှန်းချက်နှစ်ရပ်စလုံးကိုသယ်ပိုးမည့် မဟာဗျူဟာမြောက် ယုံကြည်မှုအတွက် ဒေါက်တိုင်များ ဖြစ်လာလိမ့်မည်ဖြစ်သည်။

စင်စစ်အားဖြင့် ဗီယက်နမ်နိုင်ငံသည် ၎င်း၏ နိုင်ငံခြားရေးမူဝါဒ ရည်မှန်းချက်များကို အထောက်အကူဖြစ်စေမည့် လမ်းပြမြေပုံများ ထူထောင်ပြီးနောက် SP နှင့် CSP ကွန်ရက်တို့ကို တိုးချဲ့တည်ဆောက်လျက်ရှိသည်။ ဗီယက်နမ်အနေဖြင့် CSP နှင့် SP မည်မျှထိ ထူထောင်သွားမလဲဆိုသော အချက်သည် ဗီယက်နမ်နှင့် မိတ်ဖက်နိုင်ငံများ၏ နိုင်ငံခြားရေးမူဝါဒများအပေါ် မည်မျှအကျိုးဖြစ်ထွန်းသလဲဆိုသောအချက်ပေါ်တွင် မူတည်လျက်ရှိပေသည်။

**❖ဗီယက်နမ်နိုင်ငံသည် SP နှင့် CSP များကို မူဘောင်များအဖြစ် အခြေခံထားပြီး ၎င်းမှတစ်ဆင့် ပထမဆုံးအနေဖြင့် တစ်နိုင်ငံချင်းစီ၏ မဟာဗျူဟာမြောက် အကျိုးစီးပွားများကို အာရုံစိုက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဒုတိယအနေဖြင့် မဟာဗျူဟာမြောက် ဆွေးနွေးပွဲများနှင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မဟာဗျူဟာမြောက် ယုံကြည်မှုတိုးတက်အောင် ဆောင်ရွက်ရေးနည်းလမ်းများအဖြစ် မျှော်မှန်းထားရှိသည်။ အထူးသဖြင့် နိုင်ငံရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးတို့အပေါ် အာရုံစိုက်ဆောင်ရွက်ခြင်း၊ စီးပွားရေးနှင့် ထောက်လှမ်းရေး သတင်းအချက်အလက်မျှဝေခြင်းဖြင့် ယုံကြည်မှု တိုးတက်အောင်တည်ဆောက်ရန် မျှော်မှန်းထားရှိသည်။ ❖**

ကိုးကား

- The Future of Vietnam's Strategic and Comprehensive Strategic Partnerships by The Diplomat.

**ဝင်းဇင် (သုတေသန)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီး½dIUမှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှား မှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၈၁၉၉ ဧကထိ ရိတ်သိမ်းပြီးစီး



**မုံရွာ ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၈၁၉၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၈၁၉၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၉၇၉ ဧကနှင့် ဖူးစားပြောင်း ဧက ၇၂၂၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အစေ့ထုတ်ပြောင်း တစ်ဧကလျှင် ၄၃ ဒသမ ၅၁ တင်းနှင့် ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၁၃၀၀၀ ကျော်ထွက်ရှိခဲ့ကြောင်း သိရသည်။

"မုံရွာမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၈၁၉၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိမှာ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်း၊ ဖောငမြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းများ အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# တနိုင်းမြို့နယ် အောင်စိုးမိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တနိုင်း ဇွန် ၁၀**

ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၉ ရက် နံနက်ပိုင်းက အောင်စိုးမိုး ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တနိုင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးက အောင်စိုးမိုးကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၅၈၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အောင်စိုးမိုးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၅၈၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံမတ်ပဲ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၁၉ ဒသမ ၀၃ တင်းထွက်ရှိ



**မင်းကင်း ဧပြီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၀၃ တင်းထွက်ရှိကြောင်း မင်းကင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၀၀၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၀၃ တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ မတ်ပဲ ၃၀၀၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှုအနေနဲ့ ပိုမိုတိုးတက်လာပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန် ကျော်ဝင်းက ပြောပြသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန် ကျော်ဝင်းက ပြောပြသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးခြောက်မျိုးစုံ ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဧပြီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းငါးခြောက်မျိုးစုံပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလက ငါးခြောက်မျိုးစုံပိဿာချိန် ၅၃၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ငါးခြောက်မျိုးစုံ ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်များသည် ယခင်နှစ် နွေကာလအတွင်း လုပ်ဆောင်ထားသည့် လက်ကျန် ငါးခြောက်များဖြစ်ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်က ထွက်တဲ့ ငါးခြောက်မျိုးစုံကို စနစ်တကျ ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ မတ်လအတွင်း ငါးခြောက်မျိုးစုံ ပိဿာချိန် ၇၇၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ တင်ပို့ရောင်းချနေရပါတယ်။ ငါးခြောက်တွေကတော့ ပြည်တွင်းမှာကို စားသုံးသူများလို့ အဝယ်လိုက်နေတာဖြစ်ပါတယ်"ဟု လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။



လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်ဈေးနှုန်းများမှာ မတ် ၁ ရက် မှ ၃၁ ရက်ထိ ငါးဖောင်ရိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၊ ငါးကွမ်းရှပ် (ငါးညို) တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀၀၊ ငါးပြေမခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၃၅၀၀၊ ငါးလိပ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၀၅၀၀၊ ငါးတံခွန်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀၊ အာပုံခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၆၅၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျေးသီးမြို့နယ် လွယ်စန့်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျေးသီး ဧပြီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားကန်းကျေးရွာအုပ်စု လွယ်စန့်ကျေးရွာ၌ တတိယအကြိမ် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဧပြီ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးသီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်က လွယ်စန့်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေး အရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၄၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လွယ်စန့်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့်အသင်းသား၊ အသင်းသူ ၁၁ ဦးကို မတည်ရန်ပုံငွေကျပ် ၁၁၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

## အားတင်းညီလို့ ရှေ့ဆက်စို့

- အဖျက်စွမ်းအား ကြီးမားစံတင်
  ငလျင်လှိုင်းကြမ်း ရိုက်ခတ်လွှမ်း၍
  တစ်ဝှမ်းပြည်ခွင် သက်ရောက်ငင်ရ
  ရင်နာဖွယ်ရာ မြင်ကွင်းများ။

- နေ့မြင်ညပျောက်
  ဆိုက်ရောက်ဖြစ်ပျက် ဒဏ်သင့်ချက်တွေ
  "အသက်အိုးအိမ် ပြည့်စည်းစိမ်များ"
  "ဂုဏ်ရှိန်ဖြိုးလှစ် ပြည့်အမွေနှစ်များ"
  "နစ်မွန်းလွင့်ပါး ကျောင်းကန်ဘုရားများ"
  တိမ်းပါးဆိတ်သုဥ်း ပျက်ပျက်ပြုန်းအောင်
  ဆုံးရှုံးလေရ ထိခိုက်ရပြီ
  ဘဝများစွာ လွင့်သက်ကြွေ။

- နိုင်ငံတကာ
  "စာနာထောက်ထား ချစ်ခြင်းတရား"ဖြင့်
  "လှုပ်ရှားမနှေး ကယ်ဆယ်ရေးတွေ"
  "အားပေးထောက်ရှု ကူညီမှုတွေ"
  ပေါင်းစုမြိုင်စွာ ဝန်းရံလာကြ
  မေတ္တာလက်များ ပွေ့ဖက်ထားရင်း
  လူသားအချင်းချင်း ရိုင်းပင်းကူဖေး
  အရေးကြုံကြ ရပ်တည်ကြပြီ
  မြင်ရကြည်မွေ့ အားသစ်စွာ။

- စာနာထောက်ထား
  ကြီးမားဆန္ဒ နှလုံးလှဖြင့်
  ပြည်ပပြည်တွင်း စိတ်ရင်းဖြူလွ
  "ပရဟိတ" နိုးထစိတ်ဓာတ်
  မွန်မြတ်လှစွာ ဂုဏ်ဟိတ်လွှာတို့
  ဘာသာအယူ မခွဲမူဘဲ
  ရန်သူမိတ်ဆွေ မခြားလေဘဲ
  ဖြေသိမ့်ပေးဆပ် ဂုဏ်ရောင်ဟပ်စွ
  စိတ်ဓာတ်မြှင့်တင် ခွန်အားများ။

- သြော်… "လဲလျှင်ထူမ ရှန်းကန်ရမည်"
  နိုးထကာလျှင် အန်တုနှင်ရင်း
  "ငလျင်လှိုင်းကြမ်း ဆိုးရိပ်နွမ်း"တွက်
  ကိုယ့်စွမ်းစများ စိတ်ခွန်အားဖြင့်
  ကျော်လွှားနိုးထ ထူမတ်ပြလော့
  နွမ်းလျအားငယ် ဖျောက်ဖျက်ပယ်လျက်
  "ကမ်းသွယ်လက်များ မေတ္တာအား"ဖြင့်
  ဆုပ်ထားခိုင်မတ် အနာဂတ်ဆီ
  ရပ်တည်ရင်ဆိုင် တွဲလက်မြိုင်စွာ
  တူပြိုင်ကွက်လပ် မြှင့်တင်ရပ်ဖို့
  "စိတ်ဓာတ်ခွန်အား" ဦးဆောင်ကာ၊
  "ညီညွတ်စွမ်းပကား"ဖြင့် ရှေ့ဆက်ပါ၊
  "အားတင်းညီညာ ပြည်မြန်မာ"။ ။

**မောင်မောင်ထွန်း(ပန်းပျိုးအိမ်)**

# ကယ်လီဖိုးနီးယားပြည်နယ်ရှိ တောမီးလောင်ကျွမ်းရာနေရာများတွင် ခဲဆိပ်သင့်မှုစစ်ဆေးရန် ပြည်နယ်တွင်းနေသူများကို သွေးစစ်မှုများပြုလုပ်



**ဝါရှင်တန် မေ ၁၀**

ကယ်လီဖိုးနီးယားပြည်နယ်ရှိ တောမီးလောင်ကျွမ်းရာနေရာများတွင် ခဲဆိပ်သင့်မှုစစ်ဆေးရန် ပြည်နယ်တွင်းနေသူများကို သွေးစစ်မှုများပြုလုပ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ယခုနှစ် ဇန်နဝါရီလအစောပိုင်းကတည်းက ကယ်လီဖိုးနီးယားပြည်နယ်တွင် တောမီးများ ဆက်တိုက် လောင်ကျွမ်းခဲ့ခြင်းကြောင့် အဆိုပါအရပ်ဒေသရှိ လူပေါင်းများစွာသည် မီးခိုးများ၊ ပြာများနှင့် အပျက်အစီးများကြားတွင် နေထိုင်နေကြရကြောင်း၊ လက်ရှိတွင် အဆိုပါပြည်နယ်အတွင်းရှိ ပြည်သူများသည် အန္တရာယ်ရှိသော လေထုညစ်ညမ်းမှုများနှင့် ရင်ဆိုင်နေကြရကြောင်း၊ ထို့ပြင် ပြည်သူများသည် ခဲဆိပ်သင့်မှု ရှိ၊ မရှိကိုပါ စစ်ဆေးပေးရန် သက်ဆိုင်ရာ တာဝန်ရှိသူများကို တောင်းဆိုထားကြောင်း၊ ထို့ကြောင့် လော့စ်အိန်ဂျလိစ် ပြည်သူ့ကျန်းမာရေးကောင်တီက တောမီးလောင်ကျွမ်းရာ နေရာများအနီးရှိ နေရာများတွင် နေထိုင်သူများ၏ ခဲဆိပ်သင့်မှု ရှိ၊ မရှိ သွေးစစ်ဆေးမှုကို အခမဲ့ပြုလုပ်ပေးနေကြောင်း သိရသည်။

လက်ရှိတွင် ပြည်သူများသည် မက်စ်များတပ်ဆင်ကာ သွားလာနေကြရကြောင်း၊ ခဲဆိပ်သင့်ခြင်းသည် အထူးသဖြင့် ကလေးငယ်များတွင် ဗိုက်နာခြင်း၊ စိတ်တိုလွယ်ခြင်း၊ သင်ယူနိုင်မှုအားနည်းခြင်း၊ ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း စသည်တို့ ဖြစ်စေနိုင်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ဘရာဇီးနိုင်ငံတွင် သတ္တုမိုင်းတွင်း ၁၀ ခုလျှင် တစ်ခုမှာ လုပ်ကိုင်သူများက စွန့်ပစ်ထားကြောင်း ပညာရှင်များအဖွဲ့က ထုတ်ပြန်

**ဘရာဇီးလီးယား မေ ၁၀**

ဘရာဇီးနိုင်ငံ မီးနပ်စ်ဂျီရော်ရိုက်စ်ပြည်နယ်သည် သတ္တုမိုင်းတွင်းလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်မှုမြင့်မားသည့် ပြည်နယ်ဖြစ်ပြီး သတ္တုမိုင်းတွင်း ၁၀ ခုလျှင် တစ်ခုမှာ သတ္တုမိုင်းတွင်းလုပ်ကိုင်ဆောင်ရွက်သူများက စွန့်ပစ်ထားကြောင်း Instituto Escolhas ပညာရှင်များ အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။



သတ္တုမိုင်းတွင်းများ တူးဖော်ပြီးလျှင် သတ္တုများတူးဖော်ပြီးနောက် သတ္တုတွင်းများကို ပြန်လည်ပြုပြင် ဆောင်ရွက်ခြင်းများ မရှိသလို တူးဖော်ထားသည့် အတိုင်းပင် စွန့်ပစ်ခဲ့ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သလို မြေဆီလွှာများနှင့် ရေထုအရင်းအမြစ်များပါ ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ နေရှင်နယ်သတ္တုတွင်းတူးဖော်ရေးအေဂျင်စီ(ANM) ထံမှ ရရှိထားသော သတင်းအချက်အလက်များပေါ် မူတည်၍ Instituto Escolhas ပညာရှင်များအဖွဲ့အစည်းက သုတေသနပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တူးဖော်ပြီး သတ္တုမိုင်းတွင်းများကို စွန့်ပစ်ထားခြင်းနှင့် ပတ်သက်ပြီး ANM အနေဖြင့် တစ်စုံတစ်ရာတုံ့ပြန်မှုများ၊ သတိပေးမှုများ ပြုလုပ်ခဲ့ခြင်းမရှိကြောင်း Instituto Escolhas ပညာရှင်များ အဖွဲ့အစည်းက ထောက်ပြသွားခဲ့သည်။

"မီးနပ်စ်ဂျီရော်ရိုက်စ်ပြည်နယ်မှာ သတ္တုမိုင်းတွင်းလုပ်ကွက်အရေအတွက်ကများတယ်။ သတ္တုတူးဖော်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပြီးသွားရင်လဲ စွန့်ပစ်ခဲ့တဲ့ မိုင်းတွင်းတွေ တအားများတယ်။ မိုင်းတွင်း ၁၀ ခုမှာ တစ်ခုလောက်က စွန့်ပစ်ခံထားရတယ်။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေတယ်။ ရေရှည် သဘာဝပတ်ဝန်းကျင်အတွက် လုံးဝမကောင်းပါဘူး"ဟု Instituto Escolhas ပညာရှင်များအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဗြိတိန်ကျွန်းစုနိုင်ငံဖြစ်သော မြောက်အိုင်ယာလန်နိုင်ငံနှင့် စကော့တလန်နိုင်ငံတို့တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေ

**လန်ဒန် မေ ၁၀**

ဗြိတိန်ကျွန်းစုနိုင်ငံဖြစ်သည့် မြောက်အိုင်ယာလန် နိုင်ငံနှင့် စကော့တလန်နိုင်ငံတို့တွင် အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်သည့် တောမီးလောင်ကျွမ်းမှုများဖြစ်ပေါ်နေကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

စကော့တလန်နိုင်ငံတွင် လောင်ကျွမ်းနေသည့် တောမီးမှာလည်း ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိနေပြီး အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေဆဲဖြစ်သည့်အတွက် တောမီးလောင်ကျွမ်းမှု အခြေအနေမှာ ပိုမိုဆိုးရွားလာဖွယ်ရှိကြောင်း၊ ဗြိတိန်ကျွန်းစုနိုင်ငံအတွင်း အပူချိန်အမြင့်ဆုံးဧရိယာမှာ လန်ဒန်မြို့ဖြစ်ပြီး အပူချိန်ပမာဏမှာ ၂၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ပြီး အဆိုပါပမာဏသို့ ရောက်ရှိသွားမည်ဆိုပါက ယခုနှစ်အတွက် အပူချိန်အမြင့်ဆုံးပမာဏတစ်ရပ်ဖြစ်သွားနိုင်ကြောင်း၊ ဗြိတိန်ကျွန်းစုနိုင်ငံအတွင်း အပူချိန်မြင့်တက်မှုကြောင့် ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၁၀ ဒီဂရီစင်တီဂရိတ် မြင့်တက်သွားနိုင်ပြီး တောမီးလောင်ကျွမ်းမှုများလည်း နေရာအနှံ့အပြားတွင် ဖြစ်ပေါ်လာနိုင်သည်ဟု Met Office က သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"အပူချိန် မြင့်တက်နေတဲ့အတွက် နေရာအနှံ့အပြားမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်လာနိုင်တယ်။ မြောက်အိုင်ယာလန်နိုင်ငံနဲ့ စကော့တလန်နိုင်ငံမှာတော့ တောမီးလောင်ကျွမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ တောမီးလောင်ကျွမ်းမှု မဖြစ်ပွားစေဖို့အတွက် မီးမပေါ့ဆဖို့ အထူးသတိပေးလိုပါတယ်"ဟု London Fire Brigade(LFB) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# နယူးဒေလီမြို့တွင် အပူချိန်မြင့်မားသော မေလဖြင့် ရင်ဆိုင်သွားရမည်ဖြစ်

**နယူးဒေလီ မေ ၁၀**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် မေလအတွင်း အပူချိန်မြင့်တက်လာခဲ့ပြီး သက်တမ်းတစ်လျှောက် ယခုနှစ် မေလသည် အပူချိန်အမြင့်ဆုံးသော မေလဖြင့် ရင်ဆိုင် သွားရမည်ဖြစ်ကြောင်း အိန္ဒိယမိုးလေဝသ ဇလဗေဒ ညွှန်ကြားရေးဦးစီးဌာန(IMD) က သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နယူးဒေလီမြို့တွင် မေလအတွင်း အပူချိန်မြင့်တက်မှုသည် နေ့အချိန်သာမက ညအချိန်တွင်လည်း ဖြစ်ပေါ်လာမည်ဖြစ်ပြီး ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် IMD က သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း၊ မေလအတွင်း အနိမ့်ဆုံးအပူချိန်ပမာဏမှာ ၂၅ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး အပူလှိုင်းပါ ဖြတ်သန်းဖွယ်ရှိနေကြောင်း၊ အပူလှိုင်းဖြတ်သန်းပါက အမြင့်ဆုံးအပူချိန် ပမာဏသည် ၄၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ကြောင်း IMD က ထုတ်ပြန်ခဲ့သည်။

"မေ ၇ ရက်ကစပြီး အိန္ဒိယနိုင်ငံအတွင်း ပြည်နယ်သုံးခုမှာ အပူလှိုင်းဖြတ်သန်းမှုတွေ စတင်ခဲ့တယ်။ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်တွေ တောက်လျှောက်မြင့်တက်ခဲ့တယ်။ နယူးဒေလီမြို့တော်မှာလဲ မေလအတွင်း အပူချိန်မြင့်တက်မှုတွေဟာ နေ့ရောညပါ ဖြစ်ပေါ်နေတာပါ။ အနိမ့်ဆုံးအပူချိန်ပမာဏဟာ ၂၅ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ကနေ စတင်နိုင်ပြီးတော့ အမြင့်ဆုံးအပူချိန်ပမာဏဟာ ၄၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိသွားနိုင်တယ်။ နယူးဒေလီမြို့တော်အတွက်တော့ သုံးနှစ်တာကာလအတွင်း အပူချိန်အမြင့်ဆုံး မေလဖြစ်လာနိုင်ပါတယ်"ဟု အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာန(IMD)မှ ပြောရေးဆိုခွင့်ရှိသူ ခရစ္စနားက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းရှိ ဘာဒါရှန်ပြည်နယ်တွင် ရုတ်တရက်ရေကြီးမှုဖြစ်ပွား

**ကဘူးလ် မေ ၁၀**

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းရှိ ဘာဒါရှန်ပြည်နယ်တွင် မေ ၉ ရက်က ရုတ်တရက်ရေကြီးမှု ဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့် ပြည်နယ်တွင် အနည်းဆုံး လူတစ်ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးနေသည်ဟု ပြည်နယ်ရဲတပ်ဖွဲ့က အတည်ပြုထုတ်ပြန်ခဲ့ကြောင်း၊ ထို့ပြင် ရေကြီးမှုကြောင့် ပြည်နယ်အတွင်းရှိ စိုက်ပျိုးလယ်မြေ၊ ယာမြေနှင့်ဥယျာဉ်များ ရာနှင့်ချီပျက်စီးခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ရုံး၏ အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"အခုဖြစ်ပွားခဲ့တဲ့ ရေကြီးမှုက ရုတ်တရက်ဖြစ်တာကြောင့် ကြိုတင်ပြင်ဆင်ချိန် မရလိုက်ပါဘူး။ ဒါကြောင့် လူနေအိမ်နဲ့ စိုက်ပျိုးမြေတွေ တော်တော်လေးပျက်စီးခဲ့ပါတယ်။ နိုင်ငံရဲ့လူဦးရေ ၈၀ ရာခိုင်နှုန်းက စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်သူတွေဖြစ်တာကြောင့် စီးပွားရေးဆိုင်ရာဆုံးရှုံးမှုတွေလဲ ရှိပါတယ်"ဟု ဘာဒါရှန်ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။

ရုတ်တရက် ရေကြီးမှုဖြစ်ရခြင်းမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ဖြစ်ပြီး အဆိုပါရေကြီးမှုကြောင့် ဘာဒါရှန်ပြည်နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်နေသော တက်ဟာပြည်နယ်နှင့် ချိတ်ဆက်ဖောက်လုပ်ထားသည့် သယ်ယူပို့ဆောင်ရေး အဓိကလမ်းမကြီးကိုလည်း ပိတ်ထားရသည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ



# စနေနေ့ညကစားမဲ့ ဥရောပပွဲစဉ်တွေထဲက အသင်းလိုက်ကစားအားကောင်းနေတဲ့ အဲဗာတန်အသင်း၊ မိုနာကိုအသင်း၊ ဆဲလ်တာဗီဂိုအသင်းတို့ကို အားပေးရမှာပါ

ML



ဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာ ပွဲစဉ် (၃၀) ကျော်လာတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာတာကိုတွေ့ရမှာပါ။ လက်ရှိအချိန်မှာ အသင်းကြီးတွေကလဲ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ကြိုးပမ်းနေသလို အသင်းငယ်တွေကလဲ တန်းမဆင်းရဖို့ ရုန်းကန်နေတာကြောင့် ပြိုင်ပွဲတိုင်းသတိထားကစားနေတာဖြစ်ပါတယ်။ ထိပ်သီးလိဂ်ငါးခုမှာတော့ ပရီးမီးယားလိဂ်က လီဗာပူးအသင်းနဲ့ လီဂူးဝမ်းက ပီအက်စ်ဂျီအသင်းတို့ ဆုဖလားရဖို့ သေချာနေပေမဲ့ ကျန်လိဂ်တွေမှာတော့ ချန်ပီယံဆုအတွက် နောက်ဆုံးပွဲစဉ်ထိ ကြိုးစားရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်စနေနေ့ညမှာ ကစားမဲ့ပွဲစဉ်တွေကိုလဲ သတိထားချဉ်းကပ်ရမှာဖြစ်သလို အထူးသဖြင့် ခြေစွမ်းပြကစားသမားတွေ ပါဝင်ကစားနိုင်တဲ့အသင်းတွေနဲ့ အိမ်ကွင်းအားသာချက်ရှိတဲ့အသင်းတွေကို အားပေးရမှာဖြစ်ပါတယ်။

**အဲဗာတန်အသင်းကို ရွေးရမှာပါ**

ပရီးမီးယားလိဂ် ပွဲစဉ်(၃၂)မှာ အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ နော်တင်ဟမ်နဲ့ အဲဗာတန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာတော့ နော်တင်ဟမ်အသင်းက အဝေးကွင်းကနေ နှစ်ဂိုးပြတ်နဲ့နိုင်ပွဲရခဲ့တာဖြစ်ပြီး အဲဒီအချိန်တုန်းက အဲဗာတန်အသင်းအနေနဲ့ ခြေစွမ်းပိုင်းကျဆင်းနေတဲ့အချိန်ဖြစ်သလို နော်တင်ဟမ်အသင်းကလဲ ခြေစွမ်းပြကစားသမားတွေဖြစ်တဲ့ အယ်လန်ဂါနဲ့ ခရစ်ဝုဒ်တို့အတွဲ ပုံစံကောင်းရနေချိန်ဖြစ်တာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ ပွဲစဉ်(၃၁) ကစားပြီးချိန်မှာ ရမှတ် ၅၇ မှတ်ထိ စုဆောင်းနိုင်ခဲ့လို့ အဆင့်(၃)ထိ တက်လှမ်းနိုင်ခဲ့ တာဖြစ်ပါတယ်။ ဒါကြောင့် လက်ကျန်ပွဲခုနစ်ပွဲမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရ ဖို့ အစွမ်းကုန်ကြိုးစားနေပေမဲ့ အဓိကတိုက်စစ်မှူး ခရစ်ဝုဒ်နဲ့ တောင်ပံ ကစားသမား အယ်လန်ဂါတို့ ဒဏ်ရာရနေတာကြောင့် အခုပွဲစဉ်မှာ အဲဗာတန်အသင်းလို အသင်းလိုက်ကစားပုံကောင်းတဲ့ အသင်းကို ဂိုးရဖို့ရုန်းကန်ရမှာ သေချာပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာတော့ ခရစ်ဝုဒ်မပါနိုင်တဲ့တိုက်စစ်က ကစားအားကျဆင်းခဲ့ပြီး တောင်ပံကစားသမား အယ်လန်ဂါလဲ ဒဏ်ရာရခဲ့တာကြောင့် အေဗီလာအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးခဲ့လို့ အခုပွဲမှာလဲ ကွင်းလယ်ကစားပုံကောင်းတဲ့ အဲဗာတန်အသင်းကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။

အဲဗာတန်ဟာ နည်းပြဟောင်း မိုယက်စ်ကို ပြန်လည်ခန့်အပ်ပြီး နောက်ပိုင်းမှာတော့ အမှတ်ပေးပြိုင်ပွဲ (၁၂)ပွဲမှာ ရှုံးပွဲနှစ်ပွဲသာ ရှိခဲ့ပြီး သူတို့ရှုံးခဲ့တာကလဲ အေဗီလာ၊ လီဗာပူးတို့လို အသင်းတွေဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ နောက်ဆုံးခြောက်ပွဲဆက် နိုင်ပွဲမရခဲ့ပေမဲ့ ငါးပွဲသရေ၊ ရှုံးပွဲ တစ်ပွဲသာ ရှိခဲ့တာကြောင့် ရလဒ်ပိုင်းတိုးတက်မလာပေမဲ့ ခြေစွမ်းပိုင်းကတော့ ပုံစံကောင်းမှာရှိနေဆဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ခြောက်ပွဲမှာ သူတို့အသင်းတွေ့ခဲ့တာက မန်ယူ၊ အာဆင်နယ်၊ လီဗာပူး၊ ဝက်စ်ဟမ်းတို့လိုအသင်းကြီးတွေနဲ့ ပွဲကျပ်ခဲ့တာကြောင့် သရေရလဒ်များခဲ့တယ်လို့ဆိုရမှာပါ။ နည်းပြမိုယက်စ်လက်အောက်မှာ အဲဗာတန်ဟာ ၄-၂-၃-၁ ကစားကွက်နဲ့ ပွဲထွက်နေပြီး ဒီကစားကွက်မှာ တိုက်စစ်မှူး ဘီတိုက ဦးဆောင်နေတာကိုတွေ့ရမှာပါ။ အခုပွဲမှာလဲ ကယ်ဘက်လေဝင်ကလွဲရင် အဓိက ကစားသမားတွေအားလုံး ကစားနိုင်မှာဖြစ်သလို နော်တင်ဟမ်အသင်းရဲ့ တိုက်စစ်အတွဲကလဲ ဒဏ်ရာရနေတာကြောင့် ဖိအားပေးနိုင်ဖို့သေချာနေတဲ့ အဲဗာတန်အသင်းကိုပဲ ရွေးရမှာပါ။

**နော်တင်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နော်တင်ဟမ် | ၁ | - | ၀ | မန်စီးတီး |
| အစ်ဗ့စ် | ၂ | - | ၄ | နော်တင်ဟမ် |
| ဘရိုက်တန် | ၀ | - | ၀ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၁ | - | ၀ | မန်ယူ |
| အေဗီလာ | ၂ | - | ၁ | နော်တင်ဟမ် |

**အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၁ | - | ၁ | အဲဗာတန် |
| ဝုဗ် | ၁ | - | ၁ | အဲဗာတန် |
| အဲဗာတန် | ၁ | - | ၁ | ဝက်စ်ဟမ်း |
| လီဗာပူး | ၁ | - | ၀ | အဲဗာတန် |
| အဲဗာတန် | ၁ | - | ၁ | အာဆင်နယ် |

**မိုနာကိုအသင်းနဲ့ လက်တွဲရမှာပါ**

ပြင်သစ်လီဂူးပွဲစဉ် (၂၉)မှာ အကြိုက်တွေ့မိတာကတော့ မိုနာကိုနဲ့ မာဆေးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ အစဉ်အလာအရ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပြိုင်ဘက်ကောင်းတွေဖြစ်သလို လက်ရှိအမှတ်ပေးဇယားမှာလဲ မာဆေးက အဆင့်(၂)၊ မိုနာကိုက အဆင့်(၃)မှာရပ်တည်နေပြီး ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကို တွေ့ရမှာပါ။ မိုနာကိုဟာ ရာသီအစမှာ ရလဒ်ပိုင်းကောင်းခဲ့ပေမဲ့ နောက်ပိုင်းမှာ ကစားသမားတွေဒဏ်ရာရခဲ့တာကြောင့် ရလဒ်ပိုင်းကျဆင်းသွားခဲ့ပြီး လက်ရှိမှာ ပုံစံကောင်းပြန်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်က ပွဲတိုင်းဂိုးရခဲ့တာကိုတွေ့ရမှာပါ။ နည်းပြဟက်တာအနေနဲ့ သူတာဝန်ယူတဲ့အချိန်မှာ အသင်းကို နှစ်စဉ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ခံစစ်ကစားပုံအားနည်းနေတာကြောင့် ချန်ပီယံလိဂ်က ထွက်ရပြီးနောက်ပိုင်း ခံစစ်ကို အကောင်းဆုံးပြင်ဆင်နိုင်ခဲ့တာဖြစ်လို့ အခုပွဲမှာ မာဆေးကိုဖိအားပေးနိုင်မှာ သေချာပါတယ်။

မာဆေးအသင်းအနေနဲ့ အခုရာသီမှာ နည်းပြဒီဇာဘီကို ခန့်အပ်ပြီး နောက်ပိုင်း ပုံစံကောင်းပြန်ရခဲ့တာကြောင့် အမှတ်ပေးပြိုင်ပွဲမှာ ဒုတိယနေရာထိ တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ တိုက်စစ်မှူး ဂရင်းဝုဒ်၊ ဝါဟီတို့လိုကစားသမားတွေ ခေါ်ယူနိုင်ခဲ့တာကြောင့် ရာသီအစမှာ ပုံစံကောင်းရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာတော့ တိုက်စစ်မှူး ဂိုအီရီမပါနိုင်ပေမဲ့ မူပေး၊ ရာဘီယို့စ်၊ ဂရင်းဝုဒ်တို့က အသင်းရဲ့ လိုအပ်တဲ့ဂိုးတွေ သွင်းယူပေးနေတာကိုသတိပြုရမှာပါ။ မာဆေးဟာ အဆင့်(၂) နေရာမှာရပ်တည်နေပေမဲ့ အဆင့်(၃)က မိုနာကို၊ အဆင့်(၄)က စထရာဘော့၊ အဆင့်(၅) လိုင်ယွန်၊ အဆင့်(၆) နိုက်၊ အဆင့်(၇) လိုင်လီတို့နဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကလဲ လာမဲ့ပွဲစဉ်တွေမှာ အမှားခံလို့ မရတဲ့အခြေအနေဖြစ်ပါတယ်။ ဒါပေမဲ့ လက်ရှိ ခံစစ်ကစားပုံက ကျဆင်းနေဆဲဖြစ်လို့ တိုက်စစ်ကောင်းတဲ့မိုနာကိုအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားဖို့ဆိုတာမဖြစ်နိုင်သလို မိုနာကိုနဲ့ ထိပ်တိုက်တွေ့ဆုံမှုမှာလဲ အသာမရခဲ့တာကြောင့် တိုက်စစ်အားကောင်းနေတဲ့ မိုနာကိုအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**မိုနာကို အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မိုနာကို | ၃ | - | ၀ | ရိမ်း |
| တူးလော့ | ၁ | - | ၁ | မိုနာကို |
| အန်ဂါ | ၀ | - | ၂ | မိုနာကို |
| မိုနာကို | ၂ | - | ၁ | နိုက် |
| ဘရက်စ် | ၂ | - | ၁ | မိုနာကို |

**မာဆေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မာဆေး | ၂ | - | ၀ | နန့်တက် |
| မာဆေး | ၀ | - | ၁ | လန့်စ် |
| တူးလော့ | ၃ | - | ၁ | မာဆေး |
| ရိမ်း | ၃ | - | ၁ | မာဆေး |
| မာဆေး | ၃ | - | ၂ | တူးလော့ |

**ဆဲလ်တာဗီဂိုအသင်း ရလဒ်ကောင်းမှာပါ**

စနေနေ့ညကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့တာကတော့ ဆဲလ်တာဗီဂိုနဲ့အက်စ်ပန်ညိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့နှစ်မှာတော့ တန်းမဆင်းရဖို့ရုန်းကန်ခဲ့ရပေမဲ့ အခုနှစ်မှာတော့ ပုံစံကောင်းပြန်ရခဲ့တာကြောင့် ပွဲ ၃၀ အပြီးမှာ ရမှတ် ၄၃ မှတ်ထိရခဲ့လို့ ဥရောပဝင်ခွင့်မျှော်လင့်ချက်ပါ ရှိနေတာကို တွေ့ရမှာပါ။ ဆဲလ်တာဗီဂိုဟာ နည်းပြဂီရယ်ဒက်စ်လက်ထက်မှာ တိုက်စစ်ကစားပုံပိုကောင်းလာခဲ့သလို အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာ ရလဒ်ကောင်းခဲ့တယ်လို့ဆိုရမှာပါ။ လက်ရှိ အိမ်ကွင်း ၁၅ ပွဲကစားပြီးချိန်မှာ ရီးရဲလ်မက်ဒရစ်၊ အေတီကို၊ ဘီလ်ဘာအိုတို့လို အသင်းကြီးတွေကို ရှုံးခဲ့တာကိုသတိပြုရမှာပါ။ လက်ရှိအသင်းတိုက်စစ်ကိုတော့ အက်ပက်စ်၊ ဂွန်ဇာလက်ဇ်၊ ဒူရန်တို့က ဦးဆောင်နေပြီး အက်ပက်စ်က သွင်းဂိုးရှစ်ဂိုးထိ သွင်းယူခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုပွဲကို အနိုင်ရမယ်ဆိုရင် ဥရောပဝင်ခွင့်အတွက် ငါးမှတ်သာကွာဟနေတဲ့ ဘက်တစ်နဲ့ ဗီလာရီးရဲလ်အသင်းတို့ကို လိုက်မီမှာသေချာပါတယ်။ ဒ့ါပြင် အခုပွဲမှာ ဒဏ်ရာရပွဲပယ်ကင်းစင်နေတာကလဲ အသင်းကိုရလဒ်ကောင်းဖို့အတွက် အားသာချက်တစ်ခုဖြစ်နေတာကြောင့် အခုပွဲမှာ အဝေးကွင်းခြေစွမ်း တည်ငြိမ်မှုမရှိသေးတဲ့အက်စ်ပန်ညိုကို နိုင်ပွဲရဖို့ များပါတယ်။

အက်စ်ပန်ညိုဟာ နောက်ပိုင်းပွဲတွေမှာ အစွမ်းကုန်ကြိုးစားခဲ့တာကြောင့် ငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးခဲ့တာဖြစ်ပါတယ်။ လက်ရှိ အမှတ်ပေးပွဲစဉ် ၂၉ ပွဲအပြီးမှာတော့ ရမှတ် ၃၂ မှတ်ရခဲ့တာကြောင့် အဆင့်(၁၆) မှာ ရပ်တည်နေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ အဆင့်(၁၈)က လီဂါနက်စ်နဲ့ ရမှတ်လေးမှတ်သာကွာဟနေလို့ လာမဲ့ပွဲတွေကို သတိထားကစားရတော့မှာဖြစ်ပါတယ်။ သူတို့အသင်းဟာ အပြောင်းအရွှေ့ကာလတွေမှာလဲ ခြေစွမ်းပြကစားသမားခေါ်ယူနိုင်ခြင်းမရှိဘဲ အဝေးကွင်းဆိုရင် ခံစစ်ပိုင်းကျဆင်းနေတာကြောင့် တန်းဆင်းဇုန်ဖိအားရှိနေတယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ အခုပွဲကိုရှုံးခဲ့ရင်တောင် သူတို့အသင်း တန်းဆင်းဇုန်ထဲရောက်မှာမဟုတ်သေးဘဲ အဆင့်(၁၇) အလာဗက်က ရီးရဲလ်မက်ဒရစ်၊ အဆင့်(၁၈) လီဂါနက်စ်က ဘာစီလိုနာတို့နဲ့ ကစားရမှာဖြစ်တာကြောင့် အခုပွဲရဲ့ရလဒ်ဟာ အက်စ်ပန်ညိုအတွက်သက်ရောက်မှုမရှိပါဘူး။ ဒါပေမဲ့ လက်ကျန်ရှစ်ပွဲအလိုမှာ တန်းမဆင်းရဖို့ဆိုရင်တော့ ပွဲတိုင်းကို ရမှတ်ရှာဖွေရမဲ့အခြေအနေဖြစ်နေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ အေတီကိုအသင်းကို သရေကစားနိုင်တာကလွဲရင် ကျန်ပွဲတွေက ခြေစွမ်းကျနေတဲ့အသင်းတွေနဲ့ကစားခဲ့ရလို့ ပုံမှန်ခြေစွမ်းရတယ်လို့သတ်မှတ်မရတာကြောင့် ဆဲလ်တာဗီဂိုလို အိမ်ကွင်းတိုက်စစ်ကောင်းတဲ့အသင်းကို တားဆီးဖို့မလွယ်နိုင်လို့ အခုပွဲမှာ ဆဲလ်တာဗီဂိုအသင်းပဲ ရလဒ်ကောင်းမှာပါ။

**ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂီရိုနာ | ၂ | - | ၂ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၂ | - | ၁ | လီဂါနက်စ် |
| ဗယ်လာဒိုးလစ် | ၀ | - | ၁ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၁ | - | ၁ | လက်ပါးမက် |
| မာယော့ကာ | ၁ | - | ၂ | ဆဲလ်တာဗီဂို |

**အက်စ်ပန်ညိုရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အလာဗက် | ၀ | - | ၁ | အက်စ်ပန်ညို |
| အက်စ်ပန်ညို | ၁ | - | ၁ | ဂီရိုနာ |
| မာယော့ကာ | ၂ | - | ၁ | အက်စ်ပန်ညို |
| အက်စ်ပန်ညို | ၁ | - | ၁ | အေတီကို |
| ဗယ်လ်ကာနို | ၀ | - | ၄ | အက်စ်ပန်ညို |







နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆

STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

## ၂၈-၃-၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် မုန်းဝန်းဗမာ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်မှ လှူဒါန်းခြင်း




၂၈-၃-၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီး၏ ဘေးဒဏ်ခံခဲ့ကြရသော မြို့သူမြို့သားများအတွက် မုန်းဝန်းဗမာ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်မှ လူမှုကူညီရေးအဖွဲ့ဝင်တို့က မန္တလေးကုတင် (၅၀၀) အရိုးအထူးကုဆေးရုံကြီးနှင့် အထွေထွေရောဂါကုဆေးရုံကြီးသို့ ငလျင်ဘေးဒဏ်ခံရသော မိသားစုများကို တစ်ဦးလျှင် ၁ သိန်း၊ ၂ သိန်း၊ ၃ သိန်းကျပ်နှုန်းဖြင့် စုစုပေါင်း ကျပ်သိန်း ၄၀၀ ခန့်ကို ၉-၄-၂၀၂၅ ရက်နေ့တွင် လှူဒါန်းခဲ့ပါသည်။ မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

### ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုပြောပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည့် ပထဝီဝင်မြေအနေအထားကို ပိုင်ဆိုင်ထားရှိ...**

❖ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်ဟိုတယ်အောင်ပန်းအား ကူညီကယ်ဆယ်ရေးဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ် အောင်ပန်းမြို့အတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် ကလောမြို့ သာယာလှပရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များ လမ်းညွှန်မှာကြား

နေပြည်တော် ဧပြီ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ် အောင်ပန်းမြို့အတွင်း ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများနှင့် ကလောမြို့သာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ဟိုတယ်အောင်ပန်းသို့ ရောက်ရှိကြပြီး ဟိုတယ်အောင်ပန်းကူညီကယ်ဆယ်ရေးလုပ်ဆောင်မှုများဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ် လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You

ပစ္စည်းထည့်ပုံးအမျိုးမျိုး

ပစ္စည်းထည့်ပုံးအမျိုးမျိုး

ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၇၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့၊ ၀၉-၂၀၀၂၀၅၀၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉